# ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ (29-12-2013) (၇၇၀၉)


**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| လွိုင်လင် | ၂ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၄ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၅ ဒီဂရီစင်တီဂရိတ် |

**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

## ဂန့်ဂေါတွင် ဒေသဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ စုပေါင်းရှင်ပြုပွဲကျင်းပ

ဂန့်ဂေါ ဒီဇင်ဘာ ၂၈

ဂန့်ဂေါမြို့ မြို့ခင်းသာပရိယတ္တိစာသင်တိုက်တွင် စုပေါင်းရှင်ပြုပွဲနှင့် ရှင်လောင်းလှည့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက်က ဂန့်ဂေါမြို့တွင်း၌ ကျင်းပရာ ဒေသဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ မြို့မရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြစ်သာမြစ်ရှောင်လမ်းတို့၌ စည်ကားစွာ လှည့်လည်ကြသည်။ **(အောက်ပုံ)** အဆိုပါ စုပေါင်းရှင်ပြုပွဲတွင် ရှင်လောင်း ၃၂ ပါးတို့အား သာသနာ့ဘောင်အတွင်းသို့ ချီးမြှင့်သွားမည်ဖြစ်သည်။ (၄၆၅)



## မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ချေးငွေထုတ်ပေး

တိုက်ကြီး ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းမှ ကျေးလက်နေပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ချေးငွေထုတ်ပေးခြင်းကို ဒီဇင်ဘာ၂၇ ရက် နံနက်၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆင်းရဲမှု လျှော့ချနိုင်ရန်အတွက် ရင်းတိုက်လေးပင်၊ တာခွါ၊ ချင်းကုန်း၊ ဆင်စခန်း၊ ဂျိုးဖြူ ရှမ်းစု၊ အိုးတန်းကျေးရွာအုပ်စုများမှ ဒေသဝက်မွေးမြူမည့်သူ ၁၆ ဦးအတွက် ဒေသဝက်တစ်ကောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ဝက်ကောင်ရေ ၈၀၊ ကြက်မွေးမြူမည့်သူ ၂၁ ဦးအတွက် ကြက်တစ်ကောင်လျှင် ၂၀၀၀ နှုန်းဖြင့် ဒေသကြက်အကောင် ၂၁၇၀ မွေးမြူနိုင်ရန် မွေးဘက်စနစ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

**ယနေ့ မာတိကာ**


အာဆီယံပြည်သူ့ဖိုရမ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် မြန်မာပြည်သူ့ဖိုရမ် ရန်ကုန်မြို့ MCC ခန်းမတွင် ကျင်းပ — စာမျက်နှာ - ၅

နီပေါနိုင်ငံ ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း — စာမျက်နှာ - ၆

မြန်မာပြည်အတွင်း ကရင်ပြည်နယ်မှ ပထမဆုံးရေပေါ်ခြံ — စာမျက်နှာ - ၈

ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း ကာစီးယက်စ် အရိပ်အမြွက်ပြောကြား — စာမျက်နှာ - ၁၃


## မြန်မာ့ဂုဏ်ဆောင် ဗိုဗီနမ်အားကစားသမားများအား အမရပူရမြို့နယ်လူထု သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်အားပေး

အောင်နိုင် (သတင်းစဉ်)
ဓာတ်ပုံ - သိန်းကမ္ဘာသိုင်းအဖွဲ့

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည်ကား ယခုထက်ထိတိုင် ပြည်သူတစ်ရပ်လုံး၏ ရင်တွင်း၌ စွဲထင်ကျန်ရစ်နေဆဲဖြစ်သည်။ နိုင်ငံကိုကိုယ်စားပြုကာ အကောင်းဆုံးယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများသည်လည်း ပခုံးထက်မှ နိုင်ငံ့တာဝန်ကို အကောင်းမွန်ဆုံး ထမ်းဆောင်ကာ နေရပ်အသီးသီးသို့ ပြန်ကြပြီဖြစ်သည်။

မိမိနိုင်ငံအတွက်သာမက မိမိဒေသ၊ မိမိမြို့ရွာ ဂုဏ်ဒြပ်ကို ပိုမိုဝင့်ထည်စေရန် စွမ်းဆောင်နိုင်ခဲ့သော မြန်မာအားကစားသမားများကို မြို့ခံလူထုက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုလျက်ရှိကြသည်ဟူသည့် သတင်းကောင်းများကို ကြားသိရသည့်အတွက်လည်း ပြိုင်ပွဲဝင် အားကစားသမားများကိုယ်စား ဝမ်းသာပီတိဖြစ်မိသည်။

ယခုလည်း မြန်မာနိုင်ငံတွင် ဗီယက်နမ်ရိုးရာ ကိုယ်ခံပညာရပ်ဖြစ်သော ဗိုဗီနမ်အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့သည့် မြန်မာအားကစားသမားများကို နိုင်ငံတော်အပိုင်းက ဆုတံဆိပ်များနှင့်အတူ လိုအပ်သည့် ချီးမြှောက်မှုများပြုလုပ်ပေးနေသကဲ့သို့ မိမိတို့၏ရပ်ရွာဒေသကလည်း သောင်းသောင်းဖြဖြ အားပေးကြိုဆိုနှုတ်ဆက်ကြသည့် သတင်းတစ်ရပ်ကို ကြားသိရသည်။

ထို့အတွက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ကစားခဲ့ကြသည့် ဗိုဗီနမ်အားကစားသမားများကို သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်ဟူသည့် သတင်းကြောင့် ဗိုဗီနမ်အားကစား (တစ်ဦးချင်းအပြပြိုင်ပွဲ)နည်းပြ ဦးကျော်မင်းထွန်းကို တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ကာ သိရှိလိုသည်များကို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ ဗိုဗီနမ်အားကစားပြိုင်ပွဲမှာ အသင်းလိုက်ဝင်ရောက်ယှဉ်ပြိုင်တဲ့ အားကစားသမား ဘယ်နှယောက်ပါဝင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ အားကစားသမားစုစုပေါင်း ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ကျား ၂၂ ဦး၊ မ ၁၂ ဦး ဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**တနင်္ဂနွေအထူးထုတ်ပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် အပိုရစ်မျက်နှာ ပါရှိပါသည်။







ကြေးမုံစာတည်းရှုထောင့် ၂၉-၁၂-၂၀၁၃၊ တနင်္ဂနွေနေ့

# ခရီးသွားဧည့်သည်များ

ပွင့်လင်းရာသီရောက်ပြီဆိုသည်နှင့် မိမိတို့နိုင်ငံတစ်ဝန်းကို နိုင်ငံခြားဧည့်သည်များ အလည်အပတ်ခရီးလှည့်လည်ဝင်ရောက်လာကြပြီ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည်များနှစ်သန်းထိ ဝင်ရောက်လာမည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။ ယခုနှစ် ဒီဇင်ဘာ ၂၅ ရက်ထိ မိမိတို့နိုင်ငံသို့ ဝင်ပေါက်အသီးသီးမှ ဝင်ရောက်လာကြသော နိုင်ငံခြားခရီးသွားဧည့်သည် ၁ ဒသမ ၉ သန်းထိရှိလာခဲ့ပြီ။ ၂၀၁၃ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် လေးလခန့်ကျန်သေး၍ မျှော်မှန်းထားသည့်ဦးရေနှစ်သန်းပြည့်လာလိမ့်မည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဆိုသည်။

မိမိတို့နိုင်ငံ၏ ပွင့်လင်းလူ့အဖွဲ့အစည်းဖြစ်တည်လာမှု နိမိတ်လက္ခဏာကောင်းတစ်ရပ်ဟုဆိုရမည်။ အိမ်သာတော့ ဧည့်လာသည်။ သဘာဝဖြစ်သည်။ မိမိတို့နိုင်ငံ၏ရေမြေတောတောင်သဘာဝရှုခင်းများ၊ သမိုင်းအမွေအနှစ်ရှေးဟောင်းလက်ရာများ၊ သင့်တင့်မျှတသောရာသီဥတုတို့အပြင် မည်သည့်နိုင်ငံနှင့်မျှမတူကွဲပြားသည့် မိမိတို့နိုင်ငံသားများ၏ ဧည့်သည်အပေါ် ဖော်ရွေအလေးထားတတ်ကြသည့် ပင်ကိုစိတ်ရင်းများကြောင့် ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှနေဆဲပါ။

သို့သော် "ဆွမ်းဆန်မှာ ကြွက်ချေးရော" ဆိုသလို တချို့သောအထင်ကရနေရာများတွင် လုယက်မှု၊ အနိုင်ကျင့်မှုများ ကြိုးကြားကြိုးကြား ကြားနေရသည်။ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်မှုပေး ဖေးကူရင်းမြန်မာ့စိတ်ရင်းအမှန်ကို လှစ်ဟဖော်ကျူးကြရမည်သာ။ ဤသည်မှာအမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။

အထူးသဖြင့် ခရီးသွားဧည့်သည်များ စိတ်ဝင်တစားဖြင့်လည်ပတ်မှုများသောနေရာများဖြစ်သည့် ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင်၊ ငပလီနှင့် ရခိုင်ဒေသ၊ ပူတာအို၊ နာဂ၊ မြိတ်ဒေသဝန်းကျင်၊ လွိုင်ကော်ဒေသ စသည်ဖြင့် နေရာဒေသအနှံ့မှ တာဝန်ရှိသူများနှင့် ဒေသ၏ဧည့်ဝတ်ကျေမှုများသည် တစ်စုံတစ်ဦးကတာဝန်ပေးရန်မလိုအပ်သည့် ပင်ကိုဗီဇ သဘာဝသာ ဖြစ်သည်။ လက်ညှိုးလက်မ မညီမျှသောလောကသဘာဝ။ တချို့သော 'စုန်းပြူး'လေးများကို မိမိတို့ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ကြရပါမည်။

ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့ ဆိုသလို လာသမျှဧည့်သည်များ ပြန်ထွက်သွားကြချိန် မိမိတို့နိုင်ငံ၏ပြယုဂ်ကောင်းများ ဧည့်သည်များရင်ထဲစွဲမြဲသွားစေနိုင်ဖို့လိုအပ်ပါသည်။ 'လူသတင်းလူချင်းဆောင်' ကြစမြဲဖြစ်သည်။ ကောင်းသတင်းများပါသွားခဲ့လျှင် နောင်အနာဂတ်ခရီးသွားစီမံကိန်းတွင် တစ်နှစ်လျှင် ၁ ဒသမ ၅ သန်းထိ တိုးတက်ဝင်ရောက်လာမည့်မျှော်မှန်းချက် ပြည့်ဝလာပါလိမ့်မည်။

လက်ရှိတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ စစ်တမ်းအရ လေးနှစ်တာကာလအတွင်း ခရီးသွားတိုးတက်မှုနှုန်းမှာ ၈၃ ရာခိုင်နှုန်းထိရှိလာနေပြီ။ မြန်မာ့ခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ပနိုင်ငံတချို့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကူညီထောက်ပံ့မှုအပြင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများလည်းရှိနေသည်။ အနာဂတ်ခရီးသွားလုပ်ငန်းအတွက် အားရစရာဖြစ်သည်။

မိမိတို့နိုင်ငံသို့လာရောက်လည်ပတ်မှုတွင် အိမ်နီးချင်းအာရှနိုင်ငံများမှ အများဆုံးဖြစ်နေသည်။ နောက်မကြာမီမှာ အမေရိက၊ ဥရောပနှင့် ကမ္ဘာအနှံ့မှဧည့်သည်များ ဝင်လာမစဲ တဖွဲဖွဲနှင့် ရှိလာတော့မည်ဖြစ်ရာ မြန်မာ့ရေမြေသဘာဝနှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။



## ဒုတိယဝန်ကြီး ဦးစိုးတင့် လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၂၇ရက် နံနက်ပိုင်းတွင် လှိုင်သာယာ တွံတေးလမ်း တွံတေးတံတား ကြံခိုင်မှု၊ တွံတေး-ကော့မှူးလမ်းနှင့် ကော့မှူး-ထမ္ဗနိုင်-ဝါးဘလောက်သောက်လမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ထမ္ဗနိုင်ကျေးရွာ၌ ကျေးရွာပြည်သူနှင့် တွေ့ဆုံသည်။ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဝါးဘလောက်သောက် တိုက်နယ်ဆေးရုံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)က တာဝန်ယူ တည်ဆောက်လျက်ရှိသော လှိုင်မြစ်ကူး ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း (လှိုင်သာယာဘက်ကမ်း) ချဉ်းကပ်လမ်းကျောက်ခင်းကြိတ်ခြင်းနှင့် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(ဓါတ်ပုံ)** တံတားကြီး အမြန်ပြီးစီးရေး စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းတစ်ပြိုင်တည်းပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ပမှတင်သွင်းလာသောမော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်အထိ ၂၆ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၄၉၄၇၃ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၃၄၄၂၇၈ ဒသမ ၃၀ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်း ခွန် ၃၇၂၂၅၀ ဒမသ ၅၁ ကျပ်သန်း စုစုပေါင်း ၇၁၆၅၂၈ ဒသမ ၈၁ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန်(CD) နှင့်ကုန်သွယ်လုပ်ငန်းခွန်(CT) များစည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် အစီး ၈၁၄၆၀၊ ကားအရောင်းပြခန်းများအတွက် အစီး ၅၆၃၄၀၊ သင်္ဘောသားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေအလုပ်လုပ်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများ အတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၅၆၉၃ စီးတို့ဖြစ်ကြောင်း သိရသည်။ **(သိန်းဌေး)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၉-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၅း၄၀ | "ဆုံးမရှုမှ တရားရ" တရားတော် (ဓမ္မဒူတအရှင်ပညာဝရ) | ၉း၁၀ | **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၃၇) |
| ၆း၄၀ | **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၅၃) | ၁၀း၁၀ | World Of Knowledge (Naked Science : Star Clock) |
| ၃း၀၀ | ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနား (LIVE) | ၄း၂၀ | ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များမွေးဖွားခြင်း |

## ကျပ် ၂၀၀ တန်သိန်းဆု ဇန်နဝါရီ ၁ ရက်တွင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် အကြိမ်(၃၀၀)မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဇန်နဝါရီ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြထုတ်ယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

AGD BANK

**ဂုဏ်ယူဝမ်းမြောက်ခြင်း**

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (**AGD Bank**) မင်းဘူးဘဏ်ခွဲအား အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ MIT Construction Group Co.,Ltd.
၂။ ရွှေရောင်နေ့သစ်ဦး ကုမ္ပဏီလီမိတက်
၃။ ရွှေအိမ်မင်း အထွေထွေရောင်းဝယ်ရေး
၄။ အောင်လံ ဆီစက် မိသားစု
၅။ ရွှေရောင်မြေ ရောင်းဝယ်ရေး

မြည်တွင်းရေးရာ

# အခွန်ထမ်းဆောင်သင့်သူအားလုံး လိုလားစွာ အခွန်ထမ်းဆောင်သည့် အခွန်ယဉ်ကျေးမှု ဖြစ်ထွန်းလာရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အခွန်ထမ်းဆောင်ထိုက်သည့် ဝင်ငွေရှိသူတိုင်း ပေးဆောင်သင့်၊ ပေးဆောင်ထိုက်သည့် အခွန်ကို မှန်မှန်ကန်ကန် ပေးဆောင်ကြရန်လိုပါကြောင်း၊ လက်ရှိအခွန်ထမ်းဆောင်နေသူများကိုသာ နှစ်စဉ်တိုးတက်အခွန် ထမ်းဆောင်စေခြင်းသည် အခွန်ထမ်းများ၏ အခွန်ထမ်းဆောင်လိုစိတ်ကို ပျက်ပြားစေနိုင်ကြောင်း၊ သို့ဖြစ်ရာ အခွန်အခြေခံကို ချဲ့ထွင်ပြီး အခွန်ငွေတိုးတက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောက်ခံရန်ရှိသည့် အခွန်ကြွေးကျန်များ အပြည့်အဝရရှိရေးအတွက် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အခွန်ထမ်းဆောင်သင့်သူအားလုံး လိုလားစွာ အခွန်ထမ်းဆောင်ကြသည့် အခွန်ယဉ်ကျေးမှု ဖြစ်ထွန်းလာရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရေးအတွက် ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အခွန်တိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်ရာတွင် အခွန်ဘုတ်အဖွဲ့၏ ပံ့ပိုးကူညီမှု အထောက်အကူများစွာရရှိပါကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်ချက်များ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် လိုအပ်ချက်များအား အနီးကပ်ကြီးကြပ်ပေးစေလိုကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တက်ရောက်ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ သူရဦးသောင်းလွင်နှင့်အဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသည့် အခွန်ကောက်ခံမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို အသေးစိတ်တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်



ရေးဘုတ်အဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက် အောင်မြင်စေရေးအတွက် လိုအပ်မှုများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

○ **ရှေ့ဖုံးမှ**

**မေး။ ။ အမရပူရမြို့နယ်က နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ အားကစားသမားဘယ်နှဦးပါလဲခင်ဗျ။**

ဖြေ။ ။ ကျွန်တော်တို့ မြို့နယ်က စုစုပေါင်း ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ဒီဆီးဂိမ်းပြိုင်ပွဲမှာ ဗိုဗီနမ်အားကစားနည်းနဲ့ရရှိခဲ့တဲ့ ဆုတံဆိပ်အရေအတွက်ကိုလည်း ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့ ဒီအားကစားနဲ့ပတ်သတ်ပြီး ပြည်ပအတွေ့အကြုံဆိုလို့ ၂၀၁၃ ခုနှစ် မေလတုန်းက ကမ္ဘောဒီးယားမှာကျင်းပခဲ့တဲ့ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ပထမဆုံး သွားရောက်ယှဉ်ပြိုင်ခဲ့ရပါတယ်။ အဲဒီပြိုင်ပွဲမှာ ကျွန်တော်တို့ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ၁၀ ခု ဆွတ်ခူးရရှိခဲ့ပါတယ်။ လေ့ကျင့်ပြင်ဆင်မှုအပိုင်းကိုပြောရရင်တော့ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်လောက်ကတည်းက ကျွန်တော်တို့ စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဧပြီလရောက်တော့ ဗီယက်နမ်နိုင်ငံကို ကျွန်တော်တို့



မြန်မာ့ဂုဏ်ဆောင် ဗိုဗီနမ်အားကစားသမားများအား အမရပူရမြို့နယ်လူထု သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်အားပေးစဉ်။

ဖြေ။ ။ ကျွန်တော်တို့ ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် နှစ်ခုနဲ့ ကြေးတံဆိပ် ခြောက်ခုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ ကျွန်တော်တို့မြို့နယ်က အားကစားသမား ခြောက်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်တစ်ခုနဲ့ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ဒီအတွက် မြို့နယ်ကဘယ်လိုအားပေးချီးမြှောက်ကြပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ပြန်လာတဲ့ဒီဇင်ဘာ ၂၅ ရက် နေ့လယ်လောက်မှာ မြို့နေလူထုက လှိုက်လှိုက်လှဲလှဲကြိုဆိုကြပါတယ်။ အခုလို သောင်းသောင်းဖြဖြ နှုတ်ဆက်အားပေးကြတာ ကျွန်တော်တို့အတွက် အကောင်းဆုံးအားဆေးပါပဲ။

**မေး။ ။ ပြိုင်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်စဉ်တုန်းက အခုလိုအောင်မြင်မှုမျိုးတွေ ရရှိနိုင်လိမ့်မယ်လို့ ကြိုတင်မျှော်လင့်ခဲ့ပါသလား။**

ဖြေ။ ။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်တို့နဲ့ဒီအားကစားနည်းနဲ့က စိမ်းတယ်ပြောလို့တော့ မရပါဘူး။ မြန်မာ့ရိုးရာအားကစားနည်းဖြစ်တဲ့ ဗန်တိုသိုင်းပညာနဲ့ တော်တော်လေးဆင်တူသလို ရှိပါတယ်။ ဒါပေမယ့် အားကစားနည်းက အသစ်ဖြစ်နေတဲ့အတွက်ကြောင့် အတွေ့အကြုံကနည်းသေးတော့ ကျွန်တော်တို့ အားကစားသမားတွေ ပိုအားစိုက်ခဲ့ကြရပါတယ်။ အားလုံးတက်ညီလက်ညီ ကြိုးစားဆောင်ရွက်လေ့ကျင့်ယှဉ်ပြိုင်ခဲ့ကြလို့သာ ဒီလိုမျိုးအောင်မြင်မှုရခဲ့တာဖြစ်ပါတယ်။

**မေး။ ။ အခုလို ဆုတွေအများကြီးရရှိခဲ့တဲ့အထဲမှာ အမရပူရမြို့နယ်မှာနေတဲ့ အားကစားသမားတွေက ဘယ်လိုဆုတံဆိပ်မျိုးတွေ ဆွတ်ခူးပေးခဲ့ပါသလဲခင်ဗျာ။**

ဖြေ။ ။ ကျွန်တော်တို့ မြို့နယ်ကအားကစားသမားတွေထဲက ရွှေတံဆိပ်တစ်ခုနဲ့ ကြေးတံဆိပ်နှစ်ခုကို ဆွတ်ခူးပေးခဲ့နိုင်တာဖြစ်ပါတယ်။

**မေး။ ။ မြန်မာအားကစားသမားတွေအနေနဲ့ အတွေ့အကြုံပိုင်းဆိုင်ရာလေးတွေ၊ ကြိုတင်ပြင်ဆင် လေ့ကျင့်မှုပိုင်းဆိုင်ရာလေးတွေနဲ့ ပတ်သတ်ပြီး နည်းနည်းလောက်ရှင်းပြပေးပါဦး။**

ကစားသမားတွေ သွားရောက်ပြီး ပူးပေါင်းလေ့ကျင့်မှုတွေလုပ်ခဲ့ပါတယ်။ မေလမှာတော့ စောစောကပြောခဲ့တဲ့ ချန်ပီယံရှစ်ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြီးတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ဆီးဂိမ်းအကြိုလေ့ကျင့်ယှဉ်ပြိုင်မှုတွေလုပ်ခဲ့ရပါတယ်။ နည်းပြတွေအနေနဲ့ ဗီယက်နမ်နည်းပြတစ်ဦးနဲ့ မြန်မာနည်းပြ ခုနစ်ဦး စုစုပေါင်း ရှစ်ဦးနဲ့ သင်ကြားလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ အခုလို ဇာတိမြေက လှိုက်လှိုက်လှဲလှဲကြိုဆိုအားပေးကြတဲ့အပေါ် ခံစားချက်လေးပြောပြပေးပါဦး။**

ဖြေ။ ။ အင်မတန်ပီတိဖြစ်ပြီး ဂုဏ်ယူဝမ်းမြောက်မိပါတယ်ခင်ဗျာ။ နိုင်ငံကိုကိုယ်စားပြု ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်ကြောင့်ရော၊ ကျွန်တော်တို့ရဲ့ မိခင်သိုင်းအဖွဲ့ချုပ်ဖြစ်တဲ့ သိန်းကမ္ဘာ ပင်မသိုင်းအဖွဲ့ချုပ်ကို ကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရတဲ့အတွက်ကြောင့်ရော အလွန်ဝမ်းသာပါတယ်။ အခုလို ကိုယ့်ရဲ့မွေးရပ်မြေကလည်း အသိအမှတ်ပြုကြိုဆိုနှုတ်ဆက်အားပေးကြတဲ့အတွက် ကျွန်တော်တို့အားလုံး ပီတိဖြစ်ရ၊ ဂုဏ်ယူဝမ်းမြောက်ရတာ အမှန်ပါပဲ။

မြန်မာနိုင်ငံအတွက် ကမ္ဘာ့အလယ်တွင်မျက်နှာပန်းလှစွာ ဌားဌားစွင့်စွင့် လန်းတင့်အောင်မြင်ခဲ့ရသည့် ကျင်းပပြီးစီးခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များနှင့် နည်းပြများ၊ တာဝန်ရှိသူများအား နိုင်ငံတော်က ဒီဇင်ဘာ ၃၀ ရက်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည်ဟု သိရှိရသည်။

ထိုသို့ နိုင်ငံတော်အပိုင်းက အားပေးချီးမြှင့်ပေးလျက်ရှိသကဲ့သို့ အားကစားကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများအနေဖြင့်လည်း မိမိတတ်စွမ်းသမျှ စဉ်ဆက်မပြတ် အားပေးချီးမြှောက်မည်ဆိုပါလျှင် မြန်မာ့အားကစားအဆင့်အတန်းသည် မကြာတော့သည့်ကာလတွင် အားလုံးမျှော်လင့်ထားသည့်အတိုင်း မြန်မာ့အားကစားရွှေခေတ်သို့ ရောက်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

# လွတ်လပ်ရေးနေ့ကြိုဆို ကလေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့်ကလေး ပြိုင်ပွဲဆုပေးပွဲကို အမှတ်(၁၀) ရပ်ကွက် (၃၂)လမ်း (အလယ်) အောင်ဓမ္မဇိန (ဓမ္မာရုံ)၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမော်တို့က ဆုများချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆယ်အိမ်စုမှူး မွမ်းမံသင်တန်းကို ဖွင့်လှစ်ရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆယ်အိမ်စုမှူးများနှင့် ရပ်ကွက်ပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မီးမီး(လှိုင်)**



# မြန်မာ့ရွှေဈေး ပုံမှန်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရွှေ၊ ကမ္ဘာ့ရွှေ နံနက်ပိုင်းအဖွင့်ဈေးမှာ မြန်မာအခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၆၅၀၂၀၀၊ ကမ္ဘာ့ရွှေ တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၁၃ ဖြင့် ဈေးဖွင့်ပြီး ညနေပိုင်း တစ်ကျပ်သား ငွေကျပ် ၆၅၁၄၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စ ၁၂၁၃ ဖြင့် ဈေးပိတ်ကြောင်း၊ ၁၅ ပဲရည်တစ်ကျပ်သား ငွေကျပ် ၆၁၁၀၀၀ ရှိကြောင်း ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှ သိရသည်။

ရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က "ယနေ့ ရွှေဈေးကွက်မှာ ဝယ်လိုအား၊ ရောင်းလိုအား မျှတကြောင်း" ပြောကြားပြီး အလုပ်အမှုဆောင် ဦးအေးချို့က "ယနေ့ ရွှေဈေးသည် ယခုတစ်ပတ်အတွင်း အမြင့်ဆုံးဈေးဖြစ်ကြောင်း၊ ရွှေအရောင်းအဝယ်ပုံမှန်ရှိပြီး ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး ကမ္ဘာ့ရွှေ၊ မြန်မာ့ရွှေ ပြန်တက်နိုင်သော အလားအလာရှိကြောင်း" ပြောကြားသွားသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာ့အခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၇၇၀၀၀၀ ကျော်၊ ကမ္ဘာ့ရွှေ တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၀ ဝန်းကျင်ရှိခဲ့ကြောင်း ရွှေကုန်သည်တစ်ဦးထံမှ သိရသည်။

အလားတူ ကားဈေးကွက်မှာ နိုင်ငံတော်မှ CIF တန်ဖိုးလျှော့ချပေးသော်လည်း ကားအရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုနည်းသောကြောင့် ကားစလစ်ဈေးမှာ ကျပ်သိန်း ၉၀ ဝန်းကျင်ရှိပြီး 'အ' ၁ (က) ယာဉ်များကို ကြံ့ခိုင်မှုပေါ်မူတည်၍ ကျပ်သိန်း ၈၀ ကျော်တွင် အရောင်းအဝယ်ပြုလုပ်ကြကြောင်း ကားဝယ်/ရောင်းတစ်ဦးထံမှ သိရသည်။ **အေးကို(သတင်းစဉ်)**



လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီရှိ အမေရိကန်သံရုံး၌ လုံခြုံရေးစောင့်ကြပ်နေသော အထူးတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

# လစ်ဗျားက အမေရိကန်၏ ဝန်ထမ်းလေးဦးကို ဖမ်းဆီးပြီး ပြန်လွှတ်ပေး

ဝါရှင်တန် ဒီဇင်ဘာ ၂၈

**လစ်ဗျားနိုင်ငံတွင် ဖြစ်နိုင်ဖွယ်ရာရွှေ့ပြောင်းရေလမ်းကြောင်းများ ရှာဖွေနေသည့် အမေရိကန်စစ်ဘက်ဝန်ထမ်းလေးဦးကို စစ်ဆေးရေးစခန်းတစ်ခုက ခေါ်ယူထားပြီးနောက် လစ်ဗျားအစိုးရက ခေတ္တမျှထိန်းသိမ်းကာ ပြန်လွှတ်ပေးခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက သောကြာနေ့ညတွင် ပြောကြားခဲ့သည်။**

၎င်းတို့ဖမ်းဆီးခြင်းခံရချိန်မှာ ဆာဘရာသာအနီးတွင် လုံခြုံရေးအတွက် လုပ်ငန်းဆောင်ရွက်နေစဉ်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဂျင်းပီဆာကီ၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်တွင် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာမရရှိပေ။ ထိန်းသိမ်းခံ အမေရိကန် စစ်ဝန်ထမ်းလေးဦး ပြန်လွှတ်လာသည့်အခါ အမေရိကန်သံရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း အမည်အဖော်လိုသူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### စောင့်ရှောက်

၎င်းလေးဦးသည် အမေရိကန်သံရုံးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့် အမေရိကန်မရိမ်းတပ်ဖွဲ့ဝင်များကို အကူအညီပေးနေသူများဖြစ်သည်ဟု တာဝန်ရှိသူက ပြောကြားသည်။ လစ်ဗျား၌ အခြေစိုက်ထားသည့် အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ ဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။

စစ်ဆေးရေးစခန်း၌ အပြောင်းအလဲရှိဖွယ်ရာဖြစ်ကြောင်း ကာကွယ်ရေးဌာန တာဝန်ရှိသူက ပြောကြားသည်။ သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားသည့် သတင်းများကို အတည်ပြုနိုင်ခြင်း မရှိပေ။ စစ်ဆေးရေးစခန်း၌ ၎င်းတို့ကို ထိန်းသိမ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ ခေါ်ဆောင်သွားကြောင်း၊ နာရီအနည်းငယ်ကြာဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ **အေပီ။**

# အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းကျေးရွာတစ်ရွာအား အစ္စရေးတပ်ဖွဲ့များ စီးနင်းတိုက်ခိုက်

ဂျေရုဆလင် ဒီဇင်ဘာ ၂၈

**အစ္စရေးနိုင်ငံ၏ အသိမ်းပိုက်ခံဒေသများ၌ အိမ်ရာသစ်များတိုးချဲ့ထူထောင်မှုကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုတစ်ရပ် ဖြစ်ပွားနေစဉ်အတွင်း အနောက်ဘက်ကမ်းဒေသရှိ အသိမ်းပိုက်ခံဒေသတွင်ရှိသော ပါလက်စတိုင်းကျေးရွာ နဘီဆာလေကို အစ္စရေးတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးနောက် ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

အကြီးစား စစ်လက်နက်များ တပ်ဆင်ထားသော အစ္စရေးတပ်ဖွဲ့များက အဆိုပါ ပါလက်စတိုင်းကျေးရွာကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းကျေးရွာရှိ လူနေအိမ်ခြေများနှင့် လက်နက်မဲ့ ဆန္ဒထုတ်ဖော်နေသည့် ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်များနှင့်အသံမြည်ဟည်းပေါက်ကွဲသော ဗုံးများဖြင့် ပစ်ခတ်နှိမ်နင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းနှိမ်နင်းဖြိုခွင်းမှုကြောင့် ဆန္ဒပြသူ ပါလက်စတိုင်းလူမျိုး ဒါဇင်နှင့်ချီ၍ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရသူများထဲတွင် မျက်ရည်ယိုဗုံးဒဏ်ကြောင့် အသက်ရှူကျပ်ခဲ့သူများလည်းပါဝင်သည်။

ဒီဇင်ဘာ ၂၆ရက်တွင်လည်း အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းများ၏ နေအိမ်များအား အစ္စရေးစစ်ဘက်က စီးနင်းမှုများ ပြုလုပ်ခဲ့ပြီး ပါလက်စတိုင်းလူမျိုးကိုးဦး ထက်မနည်းကို ဖမ်းဆီးခဲ့သည်။

အစ္စရေးအစိုးရအဖွဲ့က ဒီဇင်ဘာ ၂၇ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာ၌ လာမည့်ရက်သတ္တပတ်အတွင်း အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသ၌ လူနေအိမ်ခြေ ၁၄၀၀ တည်ဆောက်မည့် အစီအမံတစ်ရပ်ပါရှိသည်။ အစ္စရေးအကျဉ်းထောင်များ၌ ထိန်းသိမ်းထားသော ပါလက်စတိုင်း အကျဉ်းသားများအား လွှတ်ပေးမည့်ကြေညာချက်ထုတ်ပြန်အပြီး၌ ယင်းကြေညာချက်ကိုထုတ်ပြန်ခြင်း ဖြစ်သည်။ **ဘီဘီစီ။**

# ဆော်ဒီကမ်းလွန်၌ ရေနံတူးစင် နစ်မြုပ် ရေနံလုပ်သား သုံးဦး ပျောက်ဆုံးနေ

**ဂျက်ဒါ ဒီဇင်ဘာ ၂၈**

ဆော်ဒီအာရေဗျအစိုးရပိုင် ကမ်းလွန်ရေနံတူးစင်တစ်ခုတွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေချိန်အတွင်း ရေနံတူးစင် နစ်မြုပ်မှုကြောင့် အာရှတိုက်သား ရေနံလုပ်သားသုံးဦး ပျောက်ဆုံးနေကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းရေနံတူးစင်၌ ပြုပြင်ထိန်းသိမ်းမှုပြုလုပ်နေသော အလုပ်သမား ၂၄ ဦးမှာ ထိခိုက်ဒဏ်ရာ အနည်းငယ်မျှသာ ရရှိကြောင်း၊ ယင်းဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် ရေနံလုပ်သားသုံးဦးအား ဆက်လက်ရှာဖွေနေဆဲဖြစ်ပြီး ယင်းတို့အထဲတွင် အိန္ဒိယနိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးတို့ ပါဝင်ကြောင်း ဆော်ဒီအစိုးရပိုင် အာရမ်ကို ရေနံကုမ္ပဏီ၏ ဒီဇင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြသည်။

ယင်းရေနံတူးစင်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးဖြစ်သော ကမ်းလွန်ရေနံလုပ်ကွက်ဖြစ်သည့် ဆာဖာနီယာတွင် တည်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံ၏ အရှေ့ဘက် ပြည်နယ်တစ်ခုတွင် တည်ရှိကာ ဒါဟမ်မြို့မြောက်ဘက် (၂၆၅ ကီလိုမီတာ) ၁၆၅ မိုင်အကွာတွင် တည်ရှိသည်။

ယင်းဖြစ်ရပ်ကြောင့် အဆိုပါ ရေနံတူးစင်၏ ထုတ်လုပ်မှုလုပ်ငန်း အရပ်ရပ် ထိခိုက်မှုမရှိနိုင်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်တော့မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဘီဘီစီ။**

# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ခရီးသည်တင်ရထား မီးလောင် ၂၆ ဦးထက်မနည်းသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**မွမ်ဘိုင်း ဒီဇင်ဘာ ၂၈**

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ အမြန်ရထားတစ်စင်း၏ လူစီးတွဲတွင် မီးလောင်မှုဖြစ်ပွားရာ ခရီးသည် ၂၆ ဦးထက်မနည်း သေဆုံးပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဒေသခံသတင်းဌာန အင်န်ဒီတီဗွီက ဖော်ပြသည်။ **(ယာပုံ)**

ဘင်ဂလောမြို့မှ နန်ဒက်မြို့သို့သွားသော ခရီးသည်တင်အမြန်ရထား တစ်စင်းပေါ်၌ ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ကြောင်း၊ လူစီးတွဲ တစ်တွဲ၌ ခရီးသည်များ အိပ်ပျော်နေချိန်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းတွဲ၌ ခရီးသည် ၇၂ ဦးလိုက်ပါလာကြောင်း၊ မီးလောင်ခံရ၍ လူ၂၆ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း၊ ခရီးသည်အချို့သည် ရထားတွဲပြတင်းပေါက်မှ ခုန်ချထွက်ပြေးနိုင်ခဲ့ကြောင်း၊ သေဆုံးသူများအထဲတွင် ကလေးနှစ်ဦး ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**











## (၁၈)ကြိမ်မြောက်G.T.Iကျောင်းပေါင်းစုံအာစရိယပူဇော်ပွဲတွင် ကြော်ငြာများလက်ခံပြီ

(၁၈)ကြိမ်မြောက် G.T.I ကျောင်းပေါင်းစုံအာစရိယပူဇော်ပွဲကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ၄-၁-၂၀၁၄ ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားတွင် မိမိတို့ကုမ္ပဏီ Logo နှင့် စာသားများကို ၃-ပေ၊ ၈-ပေ နှင့် ၂-ပေ၊ ၆-ပေ ဗီနိုင်းကြော်ငြာအတွက် ခန်းမအတွင်း ချိတ်ဆွဲပြသသွားမည် ဖြစ်ပါသည်။

စိတ်ပါဝင်စားသောကုမ္ပဏီများအနေဖြင့် ၃ ပေ၊ ၈ ပေ ဗီနိုင်းတစ်ချပ်လျှင် ၇၀၀၀၀ိ/- နှင့် ၂ပေ၊ ၆ပေ ဗီနိုင်းတစ်ချပ်လျှင် ၅၀၀၀၀ိ/- ဖြင့် ၂-၁-၂၀၁၃ ရက် နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးသွင်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးတင်လှိုင် | ဖုန်း- ၀၉-၅၁၈၈၉၃၃ |
| ၂။ | ဦးကျော်ကျော်စိုး | ဖုန်း- ၀၉-၅၀၁၀၆၁၂ |
| ၃။ | ဦးကြည်လင်း | ဖုန်း- ၀၉-၅၀၀၆၃၆၅ |
| ၄။ | ဒေါ်တင်မမ | ဖုန်း- ၀၉-၇၃၀၀၇၆၂၁ |
| ၅။ | ဦးခင်ဇေ(ရုံးအဖွဲ့မှူး) | ဖုန်း- ၀၉-၈၆၂၆၈၈၅ |
| | | ဖုန်း- ၀၁-၅၁၉၈၆၃ |

# အာဆီယံပြည်သူ့ဖိုရမ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် မြန်မာပြည်သူ့ဖိုရမ် ရန်ကုန်မြို့ MCC ခန်းမတွင်ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံပြည်သူ့ဖိုရမ် တစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန် အလို့ငှာ ပြည်တွင်း လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော မြန်မာလူမှုဖိုရမ် လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာပြည်သူ့ဖိုရမ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည်။

မြန်မာပြည်သူ့ဖိုရမ်ကို မြန်မာ့လူမှုအဖွဲ့အစည်း အချင်းချင်း စည်းလုံးညီညွတ်စွာ ဆက်သွယ်ဆောင်ရွက် ခြင်းဖြင့် အပြန်အလှန်နားလည်မှုနှင့် ညီညွတ်မှုရရှိလာပြီး အတွေ့အကြုံနှင့် သတင်းအချက်အလက်များ မျှဝေနိုင်စေ ရန်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကို ကျော်လွှားရန် အဖွဲ့အစည်းများ၏အပြုသဘောပူးပေါင်း ဆောင်ရွက်မှုဖြင့် အတွေးအခေါ်အကြံဉာဏ်များ ဖလှယ် နိုင်စေရန်၊ မသန်စွမ်းများ၊ အမျိုးသမီးများနှင့် လူကြီး လူငယ်များအပါအဝင် သက်ဆိုင်ရာလူမှုရပ်ဝန်းမှ ပြည်သူ လူထု၏ပါဝင်မှုဖြင့် ၎င်းတို့၏အသံများကို မြှင့်တင်နိုင်ရန်၊ မြန်မာနိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက် မှုများနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်များအတွက် ပြည်သူလူထု၏ ဆုံးဖြတ်ပါဝင်မှုကို မြှင့်တင်နိုင်စေရန် ရည်မှန်းလျက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းပေါင်း ၁၅၀ ကျော်ပါဝင်သော မြန်မာ ပြည်သူ့ဖိုရမ်ကို ကျင်းပကြောင်း သိရသည်။

မြန်မာပြည်သူ့ဖိုရမ်ကို ကျင်းပခြင်းဖြင့် အာဆီယံ ပြည်သူ့ဖိုရမ်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ဖိုရမ်များ ကျင်းပနိုင်ရန်၊ အဆိုပါဖိုရမ်များမှတစ်ဆင့် မြန်မာ့လူမှု အခြေပြု အဖွဲ့အစည်းများကို ကိုယ်စားပြုသည့် ကိုယ်စား လှယ်များအား ရွေးချယ်ပြီး အာဆီယံပြည်သူ့ဖိုရမ်သို့ စေလွှတ်သွားရန်၊ မြန်မာပြည်သူ့ဖိုရမ်တွင် ပြည်သူလူထု နှင့်သက်ဆိုင်သော အကြောင်းအရာများကို ရှာဖွေပြီး အကြံပြုတင်ပြနိုင်ရန်၊ ယမန်နှစ်က ကျင်းပခဲ့သော ASEAN People Forum ၏ အကြံပြုချက်နှင့် လုပ်ငန်းစဉ် များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်လျက် ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအပြင် အစိုးရမဟုတ် သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အားကိုပါ ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံနှင့်ဆက်စပ်သည့် အစည်းအဝေးများ အား အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် ASEAN People Forum သည် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံ ပြည်သူ့ဖိုရမ်သည် အဓိကအားဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမြှင့်မားရေးနှင့် အာဆီယံ၏အဓိက မျှော်မှန်း ချက်ဖြစ်သည့် ပြည်သူဗဟိုပြု အာဆီယံဖြစ်စေရေးနှင့်အညီ ပြည်သူများဖြင့် ဖွဲ့စည်းထားသည့် အရပ်ဘက်အဖွဲ့အစည်း များ၏အသံကို နားထောင်ရန်အတွက် နှစ်စဉ်ကျင်းပသော ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ မြန်မာပြည်သူ့ဖိုရမ်သည် အာဆီယံ ပြည်သူ့ဖိုရမ် ကျင်းပနိုင်ရေးအတွက် အထောက်အကူ ဖြစ်စေမှာဖြစ်ပြီး ပြည်သူ့ဖိုရမ်မှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ကောင်း များကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် အဆိုပါ မြန်မာပြည်သူ့ဖိုရမ်အခမ်းအနားသို့ တက်ရောက် လာသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ပြောကြားသည်။

မြန်မာပြည်သူ့ဖိုရမ်ကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက် အထိ သုံးရက် ကျင်းပသွားမည်ဖြစ်ပြီး တရားမျှတမှုနှင့် လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမို ကရေစီပြုပြင်ပြောင်းလဲရေး စသည့် ခေါင်းစဉ်များဖြင့် အရပ်ဘက်အဖွဲ့အစည်း ၁၅၀ ကျော်မှ အဖွဲ့ဝင်များမှ ကဏ္ဍအလိုက် ခေါင်းစဉ်များခွဲကာ ဆွေးနွေးကြမည် ဖြစ်သည်။

အာဆီယံပြည်သူ့ဖိုရမ်တွင် အာဆီယံနိုင်ငံများရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပါဝင်ဆွေးနွေးကာ ရလဒ်များကို အာဆီယံနိုင်ငံခေါင်းဆောင်များ ထိပ်သီး အစည်းအဝေးကျင်းပချိန်တွင် တင်ပြလေ့ရှိပြီး မြန်မာ ပြည်သူ့ဖိုရမ်မှ ဆွေးနွေးပွဲရလဒ်များကို အခြေပြုစဉ်းစား ကာ အာဆီယံပြည်သူ့ဖိုရမ်တွင် ဆက်လက်ဆွေးနွေးသွား နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၉-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)**

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| ၆း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | ၈း၃၀ | "လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု စကားဝိုင်း" (မူကြိုပညာကဏ္ဍ) |
| ၆း၃၅ | "တန်ဖိုးထားထိန်းသိမ်းပါ အစဉ်လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်" (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၃) | ၉း၀၀ | ပြည်တွင်းသတင်း |
| ၁၀း၁၅ | "အကယ်ဒမီဖက်ရှင်" | ၉း၃၀ | တစ်မျက်နှာ၊ တစ်ကွက်စာ "မေတ္တာနှောင်ကြိုး" (စည်သူဝင်း၊ မုဏ်း) [(ဒါရိုက်တာ-မေတင် (MMG)] - ရင်ခုန်လက်ကမ်း တေးသစ်လမ်း |
| ၁း၄၀ | အကယ်ဒမီရင်ခုန်သံ | | |
| ၂း၃၀ | ၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် | | |

## ဇန်နဝါရီလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ် နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့်မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက် ခန့်မိုးအနည်းငယ်ထစ်ချုန်းရွာသွန်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် လျော့နည်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်ခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်း နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိ ရေမှတ်များ၏အောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



# နီပေါနိုင်ငံ ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

## တက္ကသိုလ်ဆရာတစ်ဦး

(ယမန်နေ့မှအဆက်)

**ရွေးကောက်ပွဲ ကျင်းပခြင်း**

နီပေါနိုင်ငံ၏ Constituent Assembly Election 2013 ရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက် (အင်္ဂါနေ့)က ကျင်းပခဲ့ပါသည်။ FPTP စနစ်နှင့် PR စနစ် နှစ်မျိုးလုံးအတွက် တစ်နိုင်ငံလုံး၌ တစ်ရက်တည်း တစ်ပြိုင်တည်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။ မဲရုံဖွင့်ချိန်မှာ နံနက် ၇ နာရီဖြစ်ပြီး မဲရုံပိတ်ချိန်မှာ ညနေ ၅ နာရီ ဖြစ်ပါသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့က အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာကိုယ်တိုင်ဦးဆောင်သည့်အဖွဲ့က ခတ္တမန္ဒူမြို့တော်နှင့် မြို့တော်ဝန်းကျင်ရှိ မဲရုံများသို့ လှည့်လည်လေ့လာခဲ့ကြပါသည်။

စာရေးသူတို့အဖွဲ့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့က ခတ္တမန္ဒူခရိုင်ရှိ ခတ္တမန္ဒူမြို့နှင့် ကျေးလက်ဒေသများသို့ လှည့်လည်ပြီး မဲရုံခုနစ်ရုံကို လေ့လာအကဲခတ်ခဲ့ကြပါသည်။ လေ့လာခဲ့သည့် မဲရုံအားလုံးသည် အဆောက်အအုံများ၏ ပြင်ပ (Outdoor)မြေကွက်လပ်တွင်ရှိပြီး မဲရုံနေရာကို ကြိုးဖြင့်တား၍ သတ်မှတ်ကာ မဲရုံဝင်ပေါက်တွင် ယောကျ်ားနှင့် မိန်းမတစ်တန်းစီ တန်းစီနိုင်ရန်အတွက် ဝါးလုံးများ တန်းထားပါသည်။ မဲရုံများကို ကျောင်းများနှင့် မြို့နယ်အုပ်ချုပ်ရေးရုံးများရှိ မြေကွက်လပ်များတွင် ထားရှိပါသည်။

မဲရုံတစ်ရုံတွင် မဲရုံမှူး တစ်ဦး၊ ဒု-မဲရုံမှူး တစ်ဦးနှင့် မဲရုံအဖွဲ့ဝင် ငါးဦးမှ ခြောက်ဦး ရှိပါသည်။ လုပ်အားပေး (Volunteer) များသာမက ရဲများလည်း ရှိပါသည်။ မဲရုံတစ်ရုံတွင် မဲဆန္ဒရှင် ၅၀၀ မှ ၁၀၀၀ အထိထားရှိကြောင်း သိရှိရပြီး စာရေးသူတို့ လေ့လာခဲ့သော မဲရုံများတွင် မဲဆန္ဒရှင် ၄၀၀ ကျော်မှ ၇၀၀ ကျော် ရှိပါသည်။ မဲပေးမည့်သူများသည် နံနက် ၆ နာရီခွဲခန့်မှ စတင်၍ ယောကျ်ားတစ်တန်း၊ မိန်းမတစ်တန်း စနစ်တကျတန်းစီကြသည်ကို တွေ့ရှိရပါသည်။ (နီပေါနိုင်ငံ၏ ထုံးတမ်းစဉ်လာအရ လူအများတန်းစီသည့်နေရာများတွင် ယောကျ်ားနှင့်မိန်းမ သီးသန့်ခွဲခြားထားကြောင်း သိရပါသည်။ နီပေါ နိုင်ငံတကာလေဆိပ်၌ တန်းစီရာတွင်လည်း ယောကျ်ားနှင့်မိန်းမ သီးခြားခွဲ၍ ကိုယ်တိုင်တန်းစီခဲ့ရပါသည်။)

မဲရုံစတင် မဖွင့်လှစ်မီ မဲပုံးများကို မဲရုံမှူးက ပါတီကိုယ်စားလှယ်များအား ပြသပြီး မဲပုံးကို နေရာခြောက်နေရာမှ နံပါတ်စဉ်များ တပ်ထားသော ပလတ်စတစ်ကြိုးများဖြင့် ပိတ်ပါသည်။ ပလတ်စတစ်ကြိုးခြောက်ကြိုးတွင် ပါရှိသော နံပါတ်များကို ခြေရာလက်ရာ မပျက်သည်ကို ပါတီကိုယ်စားလှယ်များအားပြသပြီး မဲပုံး၏အလယ်တွင် နံပါတ်စဉ်တပ်ထားသော ပလတ်စတစ်ကြိုးဖြင့် ထပ်မံ၍ ပိတ်ပါသည်။

နီပေါနိုင်ငံမှ မဲပေးသည့်စနစ်မှာ မဲဆန္ဒရှင် စာရင်းကို လက်ဝယ်ကိုင်ထားသည့် မဲရုံအဖွဲ့ဝင်တစ်ဦးက မဲပေးရန် ရောက်ရှိလာသည့် မဲဆန္ဒရှင်၏ မဲဆန္ဒရှင် မှတ်ပုံတင်ကတ်နှင့် မဲဆန္ဒရှင်စာရင်း (မဲဆန္ဒရှင်၏ ဓာတ်ပုံပါပါသည်။) ကို တိုက်ဆိုင်စစ်ဆေးပါသည်။ မှန်ကန်ပါက မဲဆန္ဒရှင်က မဲစာရင်းတွင် လက်မှတ်ရေးထိုး/လက်ဗွေနှိပ်ပြီးနောက် မဲပေးပြီးကြောင်း အထောက်အထားအဖြစ် မဲဆန္ဒရှင်၏လက်မ လက်သည်းခွံအစပ်ကို မင် (Indelible Ink)ဖြင့် သုတ်ပေးပါသည်။ ထို့နောက် မဲရုံမှူး/ ဒု -မဲရုံမှူးထံသို့ သွားရောက်ပြီး FPTP ဆန္ဒမဲလက်မှတ်ကိုထုတ်ယူပြီး ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းတွင် လက်မှတ်ရေးထိုးရပါသည်။ ၎င်းနောက် ဆန္ဒပြုရာတွင် အသုံးပြုရမည့် စကြာပုံပါ တံဆိပ်အဝိုင်းကိုထုတ်ယူပြီး ဆန္ဒပြုခန်းသို့သွားရောက်ပြီး ဆန္ဒပြုရပါသည်။ PR စနစ်အတွက် ဆန္ဒပြုရာတွင်လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည်။



မဲလက်မှတ်တွင် ဆန္ဒပြုနည်းနှင့် ပယ်မဲအဖြစ် သတ်မှတ်မည့် နမူနာပုံစံများ ပြသထားစဉ်။

နီပေါနိုင်ငံ၌ မဲရေတွက်သည့်စနစ်သည် မဲရုံ၌ရေတွက်ခြင်း မဟုတ်ဘဲ မဲရေတွက်သည့်ဌာန (Counting Center) များ၌ ရေတွက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မဲပုံးများကို ရဲဌာနမှ မော်တော်ယာဉ်များဖြင့် ရဲအစောင့်အကြပ်များ လိုက်ပါကာ မဲရေတွက်သည့် ဌာနများသို့ ပို့ဆောင်ပါသည်။ ထိုသို့ ပို့ဆောင်ရာတွင် မဲရုံမှူးများသာမက ပါတီကိုယ်စားလှယ်များလည်း လိုက်ပါကြပါသည်။



မဲရုံတစ်ရုံရှေ့တွင် မဲပေးရန် စနစ်တကျ တန်းစီစောင့်ဆိုင်းနေကြသော မဲဆန္ဒရှင်များအား တွေ့ရစဉ်။

စာရေးသူတို့အဖွဲ့သည် ကျေးလက်ဒေသရှိ မဲဆန္ဒနယ်အမှတ် (၂)မှ မဲရုံပိတ်ခြင်းကို လေ့လာခဲ့ကြပြီး ထိုမဲရုံမှ မဲပုံးများကို မဲရေတွက်သည့်ဌာနသို့ ပို့ဆောင်ရာတွင် အတူလိုက်ပါခဲ့ကြပါသည်။ ခတ္တမန္ဒူခရိုင်ရှိ မဲဆန္ဒနယ် (၁၀)နယ်မှ မဲပုံးများကို ရေတွက်ရန်အတွက် ပါလီမန်အဆောက်အအုံအတွင်း၌ စီစဉ်ထားရှိပါသည်။ မဲဆန္ဒနယ်၏ တာဝန်ခံဖြစ်သည့် RO က မဲပုံးများကို လက်ခံပြီး အခန်းတစ်ခန်းတွင်ထားရှိကာ ပါတီကိုယ်စားလှယ်များ၏ရှေ့မှောက်၌ပင် ထိုအခန်းကို ချိတ်ပိတ်ပါသည်။

စာရေးသူတို့အဖွဲ့အနေဖြင့် မဲရုံတစ်ရုံကို လေ့လာပြီးတိုင်း တွေ့ရှိချက်များကို သတ်မှတ်ထားသည့် Opening Form၊ Polling Form နှင့် Closing Form တို့တွင် ဖြည့်သွင်းပြီး ကာတာစင်တာရုံးသို့ ချက်ချင်းသတင်းပို့ပေးရပါသည်။ ဤသို့ ပေးပို့နိုင်ရန်အတွက် အဖွဲ့တိုင်းအား Tablet တစ်လုံးစီ ပေးအပ်ထားပါသည်။

စာရေးသူတို့အဖွဲ့ ထိုနေ့က လေ့လာခဲ့သည့် မဲရုံခုနစ်ရုံအနက် နှစ်ရုံကသာ မဲရုံအတွင်း၌ ဓာတ်ပုံရိုက်ခွင့်ပြုပါသည်။ မဲရုံအတွင်း၌လည်း နာရီဝက်ခန့်သာ နေခွင့်ပြုပါသည်။ ကော်မရှင်က သတ်မှတ်ထားသည့် လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များအရ မဲရုံအတွင်း၌ လေ့လာသူ ငါးဦးအထိသာ လေ့လာရန် ခွင့်ပြုထားပါသည်။ မဲရုံအတွင်း၌ လေ့လာသူများ များပြားပြီး အချိန်ကြာမြင့်စွာ ရှိနေပါက မဲရုံဝန်ထမ်းများနှင့် မဲဆန္ဒရှင်များကို အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ဖြစ်ပါသည်။

ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် နီပေါတစ်နိုင်ငံလုံး၌ မဲပေးသည့်ဌာန (Polling Center) ပေါင်း ၁၀၀၁၃ ရှိပြီး မဲရုံပေါင်း (Polling Station) ၁၈၄၅၇ ရှိကြောင်း၊ ရွေးကောက်ပွဲအတွက် လုပ်ကိုင်သည့် တာဝန်ရှိသူ (RO၊ မဲရုံးမှူး၊ ဒု-မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ) ပေါင်း ၁၂၅၈၅၈ ဦးရှိပြီး လုပ်အားပေးပေါင်း ၈၈၉၉၄ ဦးရှိကြောင်း၊ လုံခြုံရေးအတွက် တပ်မတော်သား ၆၂၀၀၀၊ နီပေါနိုင်ငံရဲ ၄၈၀၀၀၊ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ရဲ ၄၀၀၀၊ လက်နက်ကိုင်ရဲ ၃၂၀၀၀ နှင့် ယာယီရဲ ၄၅၀၀၀ စုစုပေါင်း ၁၉၁၀၀၀ ရှိကြောင်း မှတ်သားခဲ့ရပါသည်။

**မဲရေတွက်ခြင်း**

စာရေးသူတို့အဖွဲ့သည် ၂၀-၁၁-၂၀၁၃ ရက်မှ ၂၂-၁၁-၂၀၁၃ ရက်အထိ မဲဆန္ဒနယ်အလိုက် မဲများကို ရေတွက်သည့် အခန်းများ၌ သုံးရက်တိုင် လေ့လာခဲ့ကြပါသည်။ မဲပုံးများကို ထုတ်ယူလာပြီး ပါတီကိုယ်စားလှယ်များအား ပြသပြီးမှသာ မဲလက်မှတ်များကို ကြမ်းပြင်ပေါ်တွင် ဖြန့်ချပါသည်။ နီပေါနိုင်ငံ၌ မဲရုံများတွင် မဲများကို မရေတွက်သည့် အဓိကအကြောင်းရင်းမှာ မဲပေးမှု အခြေအနေကို သိရှိပြီး မဲမရသည့် ပါတီများက ယင်းရပ်ကွက်မှ လူထုအား အငြိုးထားမည်စိုးသောကြောင့် ဖြစ်သည်ဟု သိရှိခဲ့ရပါသည်။ ထို့ကြောင့် မဲပုံးတစ်ပုံးချင်း မရေတွက်ဘဲ မဲပုံးလေးငါးပုံးကို ကြမ်းပြင်ပေါ်တွင် သွန်ချ၍ ရောမွှေပြီးမှသာ ရေတွက်သည်ကို တွေ့မြင်ခဲ့ရပါသည်။ စာရေးသူတို့အဖွဲ့သည် လေ့လာတွေ့ရှိချက်များကို သတ်မှတ်ပုံစံ Counting Form တွင် ဖြည့်သွင်းပြီး ကာတာစင်တာရုံးသို့ ချက်ချင်းသတင်းပို့ခဲ့ပါသည်။ စာရေးသူတို့ ကြည့်ရှုခဲ့သည့် မဲရေတွက်မှုများအရ ပယ်မဲ (invalid vote) ပါဝင်မှုနှုန်းမှာ ၄ ရာခိုင်နှုန်းခန့်ရှိပါသည်။

**ရွေးကောက်ပွဲ ပြီးစီးချိန်**

FPTP ဆန္ဒမဲပုံးများကို ရေတွက်သည့် ကနဦးရလဒ်များ ၂၁-၁၁-၂၀၁၃ ရက်ထုတ် သတင်းစာများအရ ကိုယ်စားလှယ်နေရာ အများအပြား ရရှိမည်ဟု မျှော်မှန်းထားသည့် UCPN-Maoist ပါတီက ၁၂ နေရာသာရရှိပြီး Nepali Congress ပါတီက ၄၇ နေရာနှင့် CPN-UML ပါတီက ၄၂ နေရာဖြင့် အပြတ်အသတ် အသာရရှိခဲ့ပါသည်။ ထိုအခါ UCPN-Maoist ပါတီက ယခုရွေးကောက်ပွဲသည် အကွက်ဆင်ပြီး အကြံအဖန်လုပ်ထားကြောင်း၊ မဲပုံးများကို သယ်ယူရာတွင် မသမာမှုများရှိကြောင်းပြောဆိုပြီး သပိတ်မှောက်သည့်အနေဖြင့် ၎င်း၏ကိုယ်စားလှယ်များအား မဲရေတွက်ရာတွင် ဆက်လက်၍ မကြည့်ရှုကြရန် ညွှန်ကြားခဲ့ပါသည်။

၂၂-၁၁-၂၀၁၃ ရက်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကာတာစင်တာ၏ ကနဦးရှုမြင်သုံးသပ်ချက်များကို သမ္မတဂျင်မီကာတာကိုယ်တိုင် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ခဲ့ပါသည်။ ကာတာစင်တာမှ စေလွှတ်ခဲ့သည့် လေ့လာရေးအဖွဲ့များ၏ တွေ့ရှိချက်များအရ ယခုကျင်းပပြီးစီးခဲ့သည့် နီပေါရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများထက် ပိုမိုလွတ်လပ်၍တရားမျှတပြီး အားလုံးပါဝင်သော ငြိမ်းချမ်းသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအနေဖြင့် များစွာဂုဏ်ယူကြောင်း၊ မဲဆန္ဒပေးမှုသည်လည်း ၇၀ ရာခိုင်နှုန်း ကျော်သဖြင့် နီပေါနိုင်ငံ၏ မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် နီပေါမဲဆန္ဒရှင်များ၏ သဘောဆန္ဒကို ထင်ဟပ်သော ယခုရွေးကောက်ပွဲမှ ရလဒ်များကို လေးစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နောက်တစ်နေ့တွင် မစ္စတာကာတာက UCPN-Maoist ပါတီမှ ဥက္ကဋ္ဌအား တွေ့ဆုံပြီး ရွေးကောက်ပွဲရလဒ်များအား လက်ခံရန်၊ မဲရေတွက်သည့် လုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်ရန် တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

ANFREL အဖွဲ့မှ Mr. Damaso Magbual က “အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်အား ရွေးကောက်ပွဲကို အောင်မြင်အောင် ကျင်းပပေးနိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ ယခုရွေးကောက်ပွဲသည် လူအများအလွန်ယုံကြည် လက်ခံနိုင်အောင် ကျင်းပခဲ့သော ရွေးကောက်ပွဲဖြစ်ကြောင်း” မှတ်ချက်ပြုခဲ့ပါသည်။ ထို့ပြင် အီးယူနိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာရေးကော်မရှင် (The European Union Election Observation Mission)၏ ခေါင်းဆောင် Eva Joly ကလည်း “နီပေါရွေးကောက်ပွဲကော်မရှင်က ယခုရွေးကောက်ပွဲကို လွတ်လပ်ပြီး ဘက်လိုက်မှု ကင်းရှင်းစွာဆောင်ရွက်ခဲ့ကြောင်း၊ ယခုရွေးကောက်ပွဲသည် စစ်မှန်သော ရွေးကောက်ပွဲဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ထင်သာမြင်သာမရှိဘဲ အစစ်အမှန်မဟုတ်ကြောင်း စွပ်စွဲလိုပါက ဒီမိုကရေစီစနစ်ကို လက်ခံထားသူများပီပီ သက်သေအထောက်အထား အခိုင်အလုံနှင့် ဥပဒေလမ်းကြောင်းအတိုင်းသာ ကန့်ကွက်သင့်ကြောင်း” ထုတ်ဖော်ပြောကြားခဲ့ပါသည်။



မဲဆန္ဒရှင်တစ်ဦးအား မဲပေးပြီးကြောင်း အထောက်အထားအဖြစ် လက်မလက်သည်းခွံအစပ်ကို မင်သုတ်ပေးနေစဉ်။

**ရွေးကောက်ပွဲ ရလဒ်များ**

နီပေါရွေးကောက်ပွဲကော်မရှင်က ၃-၁၂-၂၀၁၃ ရက်တွင် မီဒီယာများနှင့် တွေ့ဆုံပွဲ၌ ထုတ်ပြန်ကြေညာချက်များအရ FPTP စနစ်တွင် မဲပေးသူရာခိုင်နှုန်း ၇၈ ဒသမ ၃၄ ရာခိုင်နှုန်းရှိပြီး PR စနစ်တွင် မဲပေးသူရာခိုင်နှုန်း ၇၉ ဒသမ ၈၂ ရှိကြောင်း၊ ပယ်မဲအဖြစ် FPTP စနစ်တွင် ၄ ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး PR စနစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ FPTP စနစ်တွင် ပါတီ ၁၀ ပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခံရပြီး PR စနစ်တွင် ပါတီ ၃၀မှ ရွေးချယ်ခံရကြောင်း သိရှိရပါသည်။

စာမျက်နှာ ၁၀ သို့ ❍

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဒီဇင်ဘာ ၂၆ ရက် နံနက်က ပဲခူးတက္ကသိုလ်၌ကျင်းပသည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများအကောင်အထည်ဖော်ရေး ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ မှန်ကန်ပြီး လက်တွေ့ကျသော မူဝါဒများကို အနာဂတ်အတွက် ချမှတ်ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံတကာပညာရေးကဏ္ဍများကို ရင်ပေါင်တန်း အမီလိုက်နိုင်မည်ဖြစ်ကြောင်း၊ မူဝါဒများအကောင်အထည် ဖော်နိုင်ရန် သင်ကြားပေးသူဆရာ ဆရာမများကိုယ်တိုင်ကလည်း အစဉ်အမြဲအရည်အချင်းတိုးတက်နေစေရန် မိမိကိုယ်မိမိ ကြိုးပမ်းတည်ဆောက်သွားကြစေလိုကြောင်း၊ လိုအပ်သည့်ပံ့ပိုးကူညီစီမံထောက်ပံ့ပေးရမည့်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရနှင့် ဒေသအစိုးရတို့က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာကြည်စိုးက အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးမူဝါဒများ၊ မူကြမ်းများ၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ တိုင်းရင်းသားဘာသာစကားဖြင့် မူလတန်းအောက်ဆင့်တွင် သင်ကြားသင်ယူမှုအခြေအနေများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ဝန်ကြီးချုပ်သည် ပဲခူးတက္ကသိုလ်တွင် တည်ဆောက်လျက်ရှိသော စာသင်ဆောင်အသစ်များနှင့် စုဝေးခန်းမတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



သန်လျင်မြို့နယ် ဒီဇင်ဘာ အားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်က နာရီစင်ထိပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲစဉ်။ **(သန်းဝင်း-သန်လျင်)**

# ကျန်းမာရေးဝန်ကြီးဌာန

## (၄၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

## ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်နေ့အထိ

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

## အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# မြန်မာအားကစားသမားများအား လိုအပ်သည်များမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများအတွင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည့် မြန်မာအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၊ မသန်စွမ်းအားကစားသမားများအား လိုက်ပါပို့ဆောင်ကြမည့် ယာဉ်ကြီးကြပ်များ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများအားနေပြည်တော်ရှိအားကစားရွာသို့ မထွက်ခွာမီ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ပြောကြားရာတွင် မြန်မာနိုင်ငံတွင် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးအား မိမိတို့နိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပကြောင်း၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးအား ဇန်နဝါရီ ၁၁ ရက်မှ ၂၂ ရက်ထိ သတ်မှတ်ထားရှိသော်လည်း ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး ၂၀ ရက်တွင် ပိတ်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခင်က မြန်မာအားကစားအသင်းများ အနေဖြင့် အခြားနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ကြရပြီး ယခုအလှည့်သည် မိမိတို့အိမ်ရှင်နိုင်ငံအလှည့် ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများမှ အားကစားသမားများမှာ ဒီဇင်ဘာ ၁၀၊ ၁၁၊ ၁၂ ရက်မှ ရောက်ရှိမည်ဖြစ်သော်လည်း မိမိတို့မြန်မာအားကစားသမားများမှ ကြိုတင်လေ့ကျင့်နိုင်ကြစေရန်အတွက် ယခုကဲ့သို့ ကြိုတင်စီမံထားရှိပေးထားခြင်းဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**



# ကားခဈေးနှုန်းသာ ထူးခြားသော အထူးယာဉ်လိုင်းများ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အထူးယာဉ်လိုင်းများ၏ ဝန်ဆောင်မှုနှင့်ကောက်ယူသော ကားခဈေးနှုန်းတို့နှင့်စပ်လျဉ်း၍ လူအများ၏ ပြောဆိုဝေဖန်မှုများကို မကြာခဏ ကြားရသည်။

မထသအထူးယာဉ်များသည် စတင်ပေါ်ပေါက်စဉ်က ရည်ရွယ်ချက်ကောင်းစွာဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယာဉ်များအား အလုံပိတ်၊ လေအေးပေးစက်ဖွင့်၍ ထိုင်ခုံစေ့၊ လူအတိသာ တင်ဆောင်ခွင့်ပြုပြီး မည်သည့်နေရာစီးစီး ကျပ် ၂၀၀ သာ ကောက်ခံခွင့်ပြုခဲ့သည်။ ဟိုနားသည်နားအရေးကြီးကိစ္စအတွက် စီးမည့်သူများနှင့် ခရီးဝေး(အစ-အဆုံး)စီးမည့်သူများမှာ တွက်ခြေကိုက်သဖြင့် စီးနင်းသူ တစ်စတစ်စများလာသည်။ ထို့ကြောင့် ထိုအရေအတွက်ထက် ငါးဦးပိုတင်ခွင့်အား တရားဝင်ခွင့်ပြုခဲ့သည်။ ထို့နောက်ပိုင်းတွင် ထိုင်ခုံမဲ့ ငါးဦးထက်ပိုသော ခရီးသည်များကို ပုန်းလျှိုးကွယ်လျှိုး တင်လာရာမှ ယခုအခါတွင် ပြတင်းတံခါးများဖွင့်၊ လေအေးစက်ပိတ်၍ ရိုးရိုးယာဉ်လိုင်းများနည်းတူ ပြေးဆွဲလာကြသည်ကို တွေ့ရသည်။

ထို့ကြောင့် လက်ရှိအခြေအနေတွင် အထူးယာဉ်လိုင်းများ၏ဝန်ဆောင်မှုသည် ခရီးစဉ်တစ်ဖြတ်လျှင် ကျပ် ၅၀ နှုန်းဖြင့် ပြေးဆွဲသော ယာဉ်လိုင်းများ၏ ဝန်ဆောင်မှုနှင့် ခြားနားမှုမရှိသောကြောင့် ဝန်ဆောင်မှုချင်းအတူတူ ဈေးနှုန်းသာ ထူးခြားနေသော အခွင့်ထူးခံယာဉ်လိုင်းများအဖြစ် ရပ်တည်လျက်ရှိသည်။ ဥပမာအားဖြင့် ရုံးတက်ချိန် နံနက် ၈ နာရီမှ ၉ နာရီအကြားတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်(၆)လမ်းမှတ်တိုင်မှ ပုဇွန်တောင်ဈေးသို့ ဘတ်စ်ကားစီးပါက အထူးယာဉ်ရော၊ ရိုးရိုးလိုင်းယာဉ်နှင့် မေတ္တာလိုင်းယာဉ်ပါ အားလုံးပြည့်ကျပ်နေပြီး တိုးဝှေ့စီးနင်းနေသည်ကို တွေ့ရသည်။ သို့ရာတွင် ကားခများကောက်ယူသော နှုန်းထားမှာ အထူးယာဉ်လိုင်း (၃၄၊ ၁၁၃၊ ၃၃၃)အားလုံး ကျပ် ၂၀၀၊ မေတ္တာလိုင်းနှင့် ၄၂ BM ကျပ် ၁၀၀၊ ရိုးရိုးမထသ (၅၀) ယာဉ်လိုင်း ကျပ် ၅၀ စသည်ဖြင့် ကွဲပြားနေသည်ကို တွေ့ရသည်။ ဝန်ဆောင်မှုချင်းအတူတူ (၅၀) လိုင်းကားမှ ကျပ် ၅၀ ရရှိပြီး မေတ္တာလိုင်းနှင့် ၄၂ BM က နှစ်ဆ၊ အထူးယာဉ်များက လေးဆပို၍ရရှိနေသည်မှာ အများပြည်သူများ ပြောဆိုနေသကဲ့သို့ အခွင့်ထူးခံနေခြင်းသာ ဖြစ်သည်။

ထို့အတူ ယုဇနဥယျာဉ်မြို့တော်မှ မြို့တွင်းသို့ ပြေးဆွဲနေသော ယာဉ်လိုင်းများကို လေ့လာကြည့်ပါက (၃၂) နှင့် (၅၆) ယာဉ်လိုင်းများသည် ခရီးစဉ်တစ်ဖြတ်လျှင် ကျပ် ၅၀ သာရပြီး (၅၇) ယာဉ်လိုင်းသည် ကျပ် ၂၀၀ ကောက်ယူသည်ကို တွေ့ရသည်။ **(လင်းကိုကို)**



# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**(၂၈-၁၂-၂၀၁၃)**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

○ စာမျက်နှာ ၆ မှ

ယခုပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် နီပေါနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအနက် မဲပေးမှုရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း၊ ဤသို့ဖြစ်ရသည်မှာ မဲဆန္ဒရှင် မှတ်ပုံတင်ကတ်ပြုလုပ်ပေးခြင်းကြောင့် ဖြစ်သည့်အပြင် ပြည်သူလူထုကလည်း ရွေးကောက်ပွဲအပေါ် ပိုမိုအလေးထားလာခြင်းကြောင့်ဖြစ်ကြောင်း ကြားသိရပါသည်။ နီပေါနိုင်ငံ၏ ယခင်ရွေးကောက်ပွဲများမှ မဲပေးမှုရာခိုင်နှုန်းများမှာ ၁၉၉၁ ခုနှစ်က ၆၅ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၁၉၉၄ ခုနှစ်က ၆၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်က ၆၅ ဒသမ ၉၉ ရာခိုင်နှုန်းနှင့် ၂၀၀၈ ခုနှစ်က ၆၃ ဒသမ ၂၉ ရာခိုင်နှုန်း အသီးသီးရှိကြောင်း မှတ်သားမိပါသည်။

ၾငင်းပြင် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ခံရမှုအနေဖြင့် FPTP စနစ်အတွက် Nepali Congress ပါတီမှ ၁၀၅ နေရာ၊ CPN-UML ပါတီမှ ၉၁ နေရာ၊ UCPN-Maoist ပါတီမှ ၂၆ နေရာနှင့် ကျန်ပါတီငယ်ခုနစ်ပါတီမှ ၁၈နေရာ အသီးသီးရရှိကြောင်း၊ PR စနစ်အတွက် Nepali Congress ပါတီမှ ၉၁ နေရာ၊ CPN-UML ပါတီမှ ၈၄ နေရာ၊ UCPN-Maoist မှ ၅၄ နေရာ၊ Rastriya Prajatanta ပါတီမှ ၂၄ နေရာ၊ Madhesi Janadhikar Forum Nepal (Democratic) မှ ၁၀ နေရာနှင့် အခြားပါတီငယ် ၂၅ ပါတီမှ ၇၂ နေရာ အသီးသီးရရှိကြောင်း၊ FPTP စနစ်မှ ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ် ၂၄၀ တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးပါဝင်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် Nepali Congress ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၉၆ ဦးဖြင့် ဦးဆောင်ကာ CPN-UML ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၇၅ ဦး၊ UCPN-Maoist ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၈၀ ဖြင့် ဒုတိယနေရာနှင့် တတိယနေရာများတွင် ရှိကြပါသည်။ ၂၀၀၈ ခုနှစ် ဧပြီ ၁၀ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် UCPN-Maoist ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၂၀ ရရှိခဲ့ပြီး Nepali Congress ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၁၀ သာ ရရှိခဲ့ကြောင်း မှတ်သားရပါသည်။

ယခု ရွေးကောက်ပွဲတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်သည့် အစိုးရဝန်ထမ်းပေါင်း ၂၁၇၄၅၆ ဦးရှိပြီး ရွေးကောက်ပွဲကုန်ကျစရိတ် စုစုပေါင်းရူပီးငွေ ၄ ဒသမ ၈၄ ဘီလီယံ ရှိကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းပေါင်း ၄၉ ဖွဲ့မှ လေ့လာသူပေါင်း ၁၀၆၆၇ ဦးက လေ့လာခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပါသည်။

**ထူးခြားချက်များ**

(၁) နိုင်ငံသားမှတ်ပုံတင်ရှိသည့် ဘုန်းကြီးနှင့် သီလရှင်များ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ပေါင်း ၁၂၁၄၇၈၆၅ ဦးရှိသည့်အနက် ယောကျ်ား ၅၉၈၀၈၈၁ ဦး၊ မိန်းမ ၆၁၆၆၈၂၉ ဦးနှင့် Third Gender ၁၅၅ ဦးရှိသည်။ Third Gender ဆိုသည်မှာ မိမိကိုယ်ကို ယောကျ်ား/မိန်းမဟု မပြောလိုသူများ (ဥပမာ - မိန်းမလျှာ/ယောကျ်ားလျှာ)နှင့် ယောကျ်ားဘဝ/မိန်းမဘဝ ပြောင်းထားသူများဖြစ်သည်။ Third Gender နှင့် သက်ဆိုင်သည့် ဥပဒေကို နီပေါနိုင်ငံတွင် ၂၀၀၇ ခုနှစ်က ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။



မဲရေတွက်သည့်ဌာနတစ်ခု၌ တာဝန်ရှိသူများ မဲရေတွက်နေပုံကို ကြည့်ရှုနေသည့် ပါတီကိုယ်စားလှယ်များနှင့် လေ့လာနေသည့် အကဲခတ်သူများကို တွေ့ရစဉ်။

(၃) မည်သည့်နီပေါနိုင်ငံသား တစ်ဦးတစ်ယောက်မျှ (ပြည်ပတွင်ရောက်ရှိနေသည့် နီပေါနိုင်ငံသားများရော ပြည်တွင်းရှိ နီပေါနိုင်ငံသားများပါ) ကြိုတင်ဆန္ဒမဲ (Advance Voting) ပေးပိုင်ခွင့်မရှိပါ။ တစ်နည်းအားဖြင့် ပြောရလျှင် နီပေါနိုင်ငံ ရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲလုံးဝမရှိပါ။ တာဝန်အရခရီးသွားနေရသည့် ဝန်ထမ်းများ၊ ခရီးလွန်နေသူများအား ရွေးကောက်ပွဲကျင်းပသည့်နေ့၌ PR မဲပုံးတွင် မိမိရောက်ရှိသည့် မည်သည့်ဒေသ၌မဆို ဆန္ဒမဲပေးနိုင်စေရေးအတွက် သီးသန့်မဲရုံများကို စီစဉ်ပေးထားသည်။

(၄) လူတစ်ဦးသည် မဲဆန္ဒနယ် နှစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံပိုင်ခွင့်ရှိသည်။ အကယ်၍ နှစ်နေရာလုံးတွင် အနိုင်ရရှိပါက ၎င်းကြိုက်နှစ်သက်သည့် မဲဆန္ဒနယ်ကို ရွေးချယ်ပိုင်ခွင့်ရှိပြီး ကျန်မဲဆန္ဒနယ်တစ်နယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးသည်။ ယခုရွေးကောက်ပွဲတွင် Nepali Congress ပါတီမှ ဥက္ကဋ္ဌဖြစ်သူသည် Chitwan ခရိုင်ရှိ မဲဆန္ဒနယ်အမှတ်(၄)နှင့် Banke ခရိုင်ရှိ မဲဆန္ဒနယ်အမှတ်(၃) နှစ်နေရာလုံးတွင် အနိုင်ရရှိခဲ့ပါသည်။ ထိုနည်းတူပင် CPN-UML ပါတီမှ ဒုတိယဥက္ကဋ္ဌသည်လည်း Pyuthan ခရိုင်ရှိ မဲဆန္ဒနယ် အမှတ်(၁)နှင့် Bardiya ခရိုင်ရှိ မဲဆန္ဒနယ် အမှတ်(၁) နှစ်နေရာလုံးတွင် အနိုင်ရရှိခဲ့သည်။ ထို့ပြင် Nepali Congress ပါတီမှ ခေါင်းဆောင်တစ်ဦးနှင့် CPN-UML ပါတီမှ ဥက္ကဋ္ဌဟောင်းတို့သည်လည်း မဲဆန္ဒနယ်နှစ်နေရာလုံးတွင် အနိုင်ရရှိခဲ့ကြသည်။

(၅) ရွေးကောက်ပွဲကျင်းပခြင်းအတွက် အစိုးရရုံးများအားလုံး လေးရက်ပိတ်သည်။ ၁၇-၁၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)မှ ၂၀-၁၁-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) အထိဖြစ်သည်။ နီပေါနိုင်ငံ၏ ရုံးပိတ်ရက်သည် စနေနေ့ဖြစ်ပြီး သောကြာနေ့ညနေ ၃ နာရီရုံးဆင်းသည်။ ရုံးချိန်မှာ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ အထိဖြစ်သည်။ မဲဆန္ဒရှင်များအားလုံး မိမိ၏မဲစာရင်းရှိသည့်ဒေသ၌သာ မဲပေးနိုင်သဖြင့် အစိုးရဝန်ထမ်းများအား မိမိ၏နေရပ်ဒေသသို့ သွားရောက်မဲပေးနိုင်အောင် စီစဉ်ပေးခြင်းဖြစ်သကဲ့သို့ မဲရုံများတွင် တာဝန်ကျသည့် ဝန်ထမ်းများအတွက်ပါ ထည့်သွင်းစဉ်းစားပေးခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။(ကမ္ဘောဒီးယားနိုင်ငံတွင်မူ မိမိနေရပ်သို့ပြန်၍ မဲပေးလိုသည့် အစိုးရဝန်ထမ်းများအား ဆန္ဒမဲပေးနိုင်ရန် ခွင့်သုံးရက်ပေးကြောင်း မှတ်သားဖူးပါသည်။)

(၆) နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးကာလတွင် စည်းရုံးရေးဆင်းသည့် ပါတီဝင်များအား အရက်သေစာသောက်စားခြင်း မပြုကြရန် ရွေးကောက်ပွဲကော်မရှင်က "နိုင်ငံရေးပါတီများ လိုက်နာရမည့်ကျင့်ဝတ်"တွင် ထည့်သွင်းတားမြစ်ထားသည်။

(၇) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အရက်ရောင်းချခြင်းလုံးဝခွင့်မပြုရုံသာမက မြို့တွင်းမှ စားသောက်ဆိုင်ကြီးများအားလုံးကို ပိတ်ခိုင်းထားသည်။

(၈) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် နံနက် ၅ နာရီမှ ည ၁၂ နာရီအထိ တာဝန်အရသွားလာရသည့် ယာဉ်များနှင့် အထူးခွင့်ပြုထားသည့်ယာဉ်များမှအပ ယာဉ်အားလုံးသွားလာခြင်းမပြုရန် တားမြစ်ထားသည်။

စာရေးသူသည် နီပေါနိုင်ငံရွေးကောက်ပွဲအား ကာတာစင်တာ၏ နိုင်ငံတကာလေ့လာအကဲခတ်သူတစ်ဦးအဖြစ် ၁၀ ရက်ကြာ ကြည့်ရှုလေ့လာခွင့် ရရှိခဲ့သဖြင့် ယင်းနိုင်ငံမှ ရွေးကောက်ပွဲ၏ အားသာချက်များနှင့် အားနည်းချက်အချို့ကို တွေ့မြင်သိရှိခဲ့ရပါသည်။ ထို့ပြင် နီပေါရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြားနိုင်ငံများမှ ကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်နာများ၊ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ အပါအဝင် ရွေးကောက်ပွဲအတွေ့အကြုံရှိသည့် ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးခွင့်၊ နားထောင်ခွင့် ရရှိခဲ့ခြင်းကြောင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နီပေါနိုင်ငံနှင့် အခြားနိုင်ငံများမှ ရွေးကောက်ပွဲအတွေ့အကြုံများကို အခြေခံလျက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လေ့လာအကဲခတ်သူများနှင့် မီဒီယာများ ပူးပေါင်းကာ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီများကိုရယူပြီး တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုပါက စာရေးသူတို့ နိုင်ငံတွင် ၂၀၁၅ ခုနှစ်၌ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် "လွတ်လပ်မျှတ၍ ထင်သာမြင်သာရှိကာ အားလုံးပါဝင်နိုင်သည့် အများယုံကြည်လက်ခံသော ရွေးကောက်ပွဲ" ဖြစ်မည်ဟုယုံကြည်ပါသည်။ ။


လူ ကု န် ကူ း မှု ပ ပျော ် ကျ် ရေ း တို့ တွေ ပါ ဝ င် ကူ ညီ ပေ း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ နေပြည်တော်**

မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်းအတွက်
ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်နှင့်အချိန်
ပြောင်းလဲကြောင်း ကြေညာချက်

ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူထုတ်လုပ်ရေးဒီပလိုမာသင်တန်းစာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် |
|---|---|
| ၂၉-၁၂-၂၀၁၃ | ၃၀-၁၂-၂၀၁၃ |
| (တနင်္ဂနွေနေ့) | (တနင်္လာနေ့) |
| ညနေ(၄း၀၀)နာရီ | နံနက်(၈း၀၀)နာရီ |

လှနုဖြူ
မော်ကွန်းထိန်းအဆင့်(၁)












စာအုပ်စာပေ လှူမိတ်ဆွေ

၁၉၇၁-၁၉၇၇ မတ် Batch ပညာရေးတက္ကသိုလ်သူငယ်ချင်းများ၏
**ပဉ္စမအကြိမ်မြောက်ပြန်လည်တွေ့ဆုံပွဲ**

နေ့ရက် - ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် (၁၀) နာရီ
နေရာ - ဓမ္မရက္ခိတ ဖြူးမဟာစည် လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာအနောက်ဘက်

ဆက်သွယ်ရန် -

| | |
|---|---|
| ဦးမောင်ဝင်း | ဖုန်း- ၀၉-၅၄၀၅၁၁၂ |
| ဦးဦးကျော်စိန် | ဖုန်း- ၀၉-၂၅၄၁၀၇၀၅၄ |
| ဒေါ်မြင့်ဝေ | ဖုန်း- ၀၉-၇၃၁၅၂၄၄၂ |
| ဒေါ်ရီရီတင် | ဖုန်း- ၀၉-၅၁၈၇၁၉၄ |
| ဒေါ်သက်မာကြည် | ဖုန်း- ၀၉-၅၁၉၀၆၉၆ |
| ဒေါ်သန်းသန်းမူ | ဖုန်း- ၀၉-၅၄၀၀၈၅၃ |





## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပရေး စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနများသည် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း စည်းဝေးပွဲကို အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ စည်းဝေးပွဲ၌ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ညွှန်ကြားရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လည်းကောင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ လည်းကောင်း၊ မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်မှလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဖူဆယ်ဘောလုံး (ကျား/မ)၊ လွန်ဆွဲ(ကျား/မ)၊ ပိုက်ကျော်ခြင်း(ကျား/မ) အားကစားနည်းများ ပါဝင်ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်ရန်အတွက် ဝန်ကြီးဌာန အသီးသီးတို့ကို မဲနှိုက်အုပ်စုခွဲဝေပေးပြီး ပွဲစဉ်ရေးဆွဲခဲ့ကြောင်း သိရသည်။

**(ကျော်သူရ-နေပြည်တော်)**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ အကျဉ်းဦးစီးဌာနအောက်ရှိ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်သည် အကျဉ်းဦးစီးဌာနအောက်ရှိ လှည်းကူးမြို့နယ် လေ့လော့်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများသို့လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် တိုက်ကြီးမြို့နယ် အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်သည် ကျောက်တန်းမြို့နယ် အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့လည်းကောင်း ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာစခန်းတာဝန်ခံအရာရှိများက စခန်းရှိ အကျဉ်းသားလုပ်အားရှင်များ၏အခြေအနေ၊ နေရာထိုင်ခင်း၊ သက်သာချောင်ချိမှု၊ စားသောက်မှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများသည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများရှိ အကျဉ်းသား လုပ်အားရှင်များနှင့်တွေ့ဆုံပြီး နေရာထိုင်ခင်း၊ သက်သာချောင်ချိမှု ရှိ၊ မရှိ သန့်ရှင်းမှုရှိ၊ မရှိ၊ အာဟာရ သင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေး ပြည့်စုံမှု ရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသခွင့် အခွင့်အရေး ရှိ၊ မရှိ၊ အကျဉ်းသားလုပ်အားရှင်များအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှုရှိ၊ မရှိနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးစသည်တို့နှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေး တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် အကျဉ်းသားလုပ်အားရှင်များ၏ အဆောင်များ၊ စားဖိုဆောင်၊ စခန်းတွင်းစိုက်ခင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကြက်နှင့်ငါး တွဲဖက်မွေးမြူသူများ ဈေးနှုန်းအပြောင်းအလဲကြောင့် အခက်ကြုံ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အသားတိုးကြက်ဈေးနှုန်း အပြောင်းအလဲမြန်ဆန်မှုကြောင့် ကြက်နှင့်ငါးတွဲဖက်မွေးမြူသည့် ပေါင်းစည်းမွေးမြူရေးစနစ်လုပ်ကိုင်သူများမှာ အခက်အခဲများကြုံနေကြရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနားမှသိရသည်။

အဆိုပါ ပေါင်းစည်းမွေးမြူရေးစနစ်သည် ငါးကန်ပေါ်တွင် ကြက်ခြံဆောက်လုပ်၍ မွေးမြူခြင်းဖြစ်ပြီး ကြက်ချေးကို ငါးများကစားကာ ငါးအစာသီးသန့်ကျွေးစရာမလိုဘဲ မွေးမြူခြင်းဖြစ်သည်။ "ကြက်ကလေး ငါးသုတ်လောက်ရောင်းပြီးတဲ့အချိန် ကန်ထဲကငါးကိုလည်း အစာမကျွေးရဘဲနဲ့ ငါးသားပေါက်ထည့်ရုံနဲ့တင် အကျိုးအမြတ်ရှိတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ငါးမွေးမြူရေးသမားများသည် ကြက်မွေးမြူခြင်းမှ အရင်းနှင့် စားသောက်စရိတ်ကာမိရန် မှန်းထားပြီး ငါးမှ ရောင်းရငွေသည် ငွေစုသလိုသဘောမျိုးဖြင့် သတ်မှတ်လုပ်ကိုင်ကြခြင်းဖြစ်သည်။ သို့ရာတွင် ကြက်ဈေးနှုန်းများ ပြောင်းလဲကာ ဆုံးရှုံးမှုများကြုံ၍ အခက်အခဲများဖြစ်စေခဲ့ကြောင်းသိရသည်။

ထိုအသားတိုးကြက်ဈေးကွက်သည် ဈေးကွက်တွင်ဈေးကောင်းရသည့်အခါ အကျိုးအမြတ်မျှော်၍မွေးမြူသူများမှာ ဈေးပြန်ကျကာထုတ်လုပ်မှု စရိတ်ကိုပင် မကာမိဘဲ ဆုံးရှုံးခြင်းများကြုံခဲ့ရခြင်းတို့ရှိကြောင်း သိရသည်။

**(၆၈၀)**

**စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် မီးရထားဖြတ်သန်းရာဂိတ်တွင်ဒီဇင်ဘာ ၂၇ ရက် ညနေ ၅ နာရီခွဲခန့်က ရထားတစ်စင်း ဖြတ်သန်းရာ မောင်းတံပိတ်ထားခြင်းမရှိ၍ စက်နှိုးထားသည့် ဆိုင်ကယ်တစ်စီး မောင်းတံအတွင်းထိ ဝင်ရောက်နေစဉ်။**

(ခိုင်ဇေယျ)








## ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြုနယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ Ph.D,INDIA အရှင်သူမြတ်သည် *၂၈-၁၂-၂၀၁၃ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဓမ္မသဘင် *၂၉-၁၂-၂၀၁၃ ပုသိမ်မြို့၊ နှစ်ဦးဓမ္မသဘင် *၃၁-၁၂-၂၀၁၃ ဖြူးမြို့ ရဟန်းခံသိမ်ထပ်မင်္ဂလာဓမ္မသဘင် *၇-၁-၂၀၁၄ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်၊ ကျောင်းရေစက်ချဓမ္မသဘင်ပွဲ *၉-၁-၂၀၁၄ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အောင်တော်မူဆုတောင်းပြည့်ဘုရားငါးဆူတန်ဆောင်းတော်ကြီးဓမ္မသဘင် *၁၁-၁-၂၀၁၄ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မိဘကျေးဇူးဆပ်အထူးတရားပွဲ *၁၂-၁-၂၀၁၄ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာဘုရားဓမ္မသဘင်ပွဲ *၁၃-၁-၂၀၁၄ ကျိုက္ကဆံရပ်ကွက်၊ ကန္ဒကမာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့၊ ဓမ္မသဘင်၊ *၁၄-၁-၂၀၁၄ မှ ၁၅-၁-၂၀၁၄ မော်လမြိုင်မြို့၊ ဓမ္မောဇဓမ္မသဘင် *၁၇-၁-၂၀၁၄ဘန်းလောင်ကျေးရွာ၊ ဖြူးမြို့နယ်ဓမ္မသဘင် *၁၈-၁-၂၀၁၄ (၁၂)ရပ်ကွက်၊ လှိုင်၊ ပညာရေးဝန်ထမ်းမိသားစုဓမ္မသဘင်၊ *၂၀-၁-၂၀၁၄ မှ ၂၁-၁-၂၀၁၄ တာချီလိတ်မြို့ဓမ္မသဘင် *၂၃-၁-၂၀၁၄ သာကေတမြို့နယ်၊ (၂)ရပ်ကွက်၊ မြောက်၂၈ဆူ ဗဟိုဓမ္မာရုံဓမ္မသဘင် *၂၆-၁-၂၀၁၄ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ဇေယျသိဒ္ဓိ မာန်အောင်စေတီတော်တရားပွဲ *၁-၂-၂၀၁၄ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ဇောတာရုံလမ်းဓမ္မာရုံ(ဒု-ကြိမ်ဆွမ်းသိမ်းအောင်ပွဲ)ဓမ္မသဘင်၊ *၂-၂-၂၀၁၄ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ် (ပ)ရပ်ကွက်၊ ဖြူးမဟာစည်ဆွမ်းပဒေသာပင်အလှူဓမ္မသဘင် *၅-၂-၂၀၁၄ မှ ၆-၂-၂၀၁၄ ဖောင်တော်ဦးကျောင်း၊ မကွေးမြို့ဓမ္မသဘင် *၈-၂-၂၀၁၄ မှ ၉-၂-၂၀၁၄ ဖြူးမြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲဓမ္မသဘင် *၁၁-၂-၂၀၁၄ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း ဓမ္မသဘင်၊ *၁၂-၂-၂၀၁၄ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်၊ နွယ်နီလမ်း၊ ဆုတောင်းပြည့်ဓာတ်တော်ကျေစေတီတော်ဓမ္မသဘင် *၁၆-၂-၂၀၁၄ မနော်ဟယ်ရီလမ်း၊ သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဓမ္မသဘင် *၂၁-၂-၂၀၁၄ မှ ၂၂-၂-၂၀၁၄ တောင်ငူမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိမူလစာမေးပွဲကြီး ဓမ္မသဘင် *၁၅-၃-၂၀၁၄ ကျိုက္ခမီမြို့နယ်၊ ခနောင်ရွာ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကိုပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ သို့ ဆက်သွယ်နိုင်ပါသည်။

## ကြေးမုံသတင်းစာ၌ ၂၂-၁၂-၂၀၁၃ ရက်စွဲပါ အသိပေးကြော်ငြာစာအားကန့်ကွက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၆၀၃) တွင် နေထိုင်သူ ကွယ်လွန်သူ ဦးဖေသန်း၏ အတူနေ တရားဝင်ဇနီး ဒေါ်ခင်မာလွင်မှ အဆိုပါ အမှတ်(၆၀၃) ခြံမြေပေါ်ရှိ ပေ(၃၈×၈၀) နေအိမ်အား လက်ရှိထားပိုင်ဆိုင်သူ (ကွယ်လွန်သူ ဦးဖေသန်း) နှင့် ကျွန်ုပ်၏အမှုသည်သည် ၂၉-၁၀-၂၀၁၄ ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် အဆိုပါ အမှတ်(၆၀၃) ရှိ ပေ(၃၈×၈၀)ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တွင် ပေါင်းသင်းလာခဲ့သည့်အတွက် ကျွန်ုပ်၏အမှုသည်တစ်ဦးတည်းသာ (ကွယ်လွန်သူ ဦးဖေသန်း)၏ လက်ရှိပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၂၂-၁၂-၂၀၁၃ ရက်စွဲပါ အသိပေးကြေညာစာအား ကန့်ကွက်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်မာလွင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၀၆)**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သမီးလေး "ရွှေရည်မွန်" ရဲ့ ၂၉-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၃)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)ကျော်တိုင် ပညာပြည့်ဝ နှလုံးလှ၍ လိုအင်ဆန္ဒ ပြည့်ဝလျက် သက်ရှည်ကျန်းမာပြီး-

"ရွှေ" ရွှေအဆင်းလိုဝင်းဝါပြီး "ရည်" ရည်ရည်မွန်မွန်နှင့် "မွန်" မွန်မြတ်သော စိတ်ထားရှိပြီး ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါသည်။

**နှစ်ဖက်သောဘိုးဘိုးဘွားဘွားများနှင့်-**
**ပါးပါး - ဦးရာဇာ (ခ) ဦးဝေဇာထွန်း ("ရာဇာ"စိုက်ပျိုးရေးဆေးနှင့် ဓာတ်မြေဩဇာရောင်းဝယ်ရေး၊ ဘုရားကြီးမြို့)**
**မားမား - ဒေါ်ဆွေဇင်လတ်**
**လေးငယ် - ရှိုင်းမောင်မောင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၇၀၆)၊ မြေအကျယ်အဝန်း (အလျား၄၅ပေ×အနံပေ၆၀) စတုရန်းပေ-၂၇၀၀၊ ဧရိယာ(၀. ၀၆၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် (ကွယ်လွန်သူ) ဦးတင့်ဆွေ(စီအီး-၁၁၃၆၇၈) အမည်ပေါက်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကို တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကြည်လေး[၁၂/ဥကမ(နိုင်)၀၆၁၆၃၆]မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်(၄၀၄၄/၂၀၁၃)အရ တရားဝင်ပိုင်ဆိုင်ပြီး၊ ၎င်းမြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော (ခေါင်းရင်းဘက်အခြမ်း) (အလျား၂၂ပေ×အနံပေ၆၀)ရှိ မြေကွက်ကို ဦးဇင်လတ်[၈/မကန(နိုင်)၁၅၁၅၁၅]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ ထိုသို့ပိုင်ဆိုင်လာသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေနှင့်ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေငှားဂရန်မူရင်းနှင့် တကွ ခိုင်လုံသောဆက်စပ်စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(ဘက်)B.A.R.L(စဉ်-၄၉၀၃)** **ဒေါ်ခင်နှင်းရည် B.A.R.L(စဉ်-၄၆၆၂)**
**တရားလွှတ်တော်ရှေ့နေနှင့်မြန်မာ့စီးပွားရေးဘက်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**အိမ်-တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၂၇၀၄၊ H.P-၀၉-၅၁၀၆၄၀၆၊ ၀၉-၂၅၄၀၇၀၁၇၁**

### ❖ ကျောဖုံးမှ

ယခုကျင်းပမည့် ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို လာမည့် ဒီဇင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ရာ ယခုနှစ်အတွက် အကယ်ဒမီဇာတ်ကားများဖြစ်ကြသော ဥ၊ လက်ပံ၊ တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ အမွေခံထိုက်သူဖြစ်ပါစေ၊ အမုန်းမီးတောက်၊ ကယန်းအလှနှင့် မော်ကင်းဥဒါန်းရုပ်ရှင်ဇာတ်ကားတို့တွင်ပါဝင်ခဲ့ကြသော အနုပညာရှင်များမှာ အကယ်ဒမီဆုချီးမြှင့်ပွဲကို ရင်ခုန်စွာစောင့်မျှော်နေကြသကဲ့သို့ ရုပ်ရှင်ချစ်ပြည်သူများကလည်း အကယ်ဒမီရမည့် အနုပညာရှင်များအား ကြိုတင်ခန့်မှန်းနေကြသည်။

မြန်မာ့သတင်းစဉ် (ပြည်တွင်း) သတင်းအဖွဲ့က အကယ်ဒမီဆုချီးမြှင့်ပွဲကြိုတင်ပြင်ဆင်မှုအခြေအနေများကို ဒီဇင်ဘာ ၂၇ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယခင်နှစ်များနှင့်မတူ စင်မြင့်တည်ဆောက်ပုံအနေအထားကအစ တက်ရောက်မည့်အနုပညာရှင်များပါ အပြောင်းအလဲများလုပ်ထားသည်ကို တွေ့ရှိရသဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး(စီမံ) ဦးသိန်းထွန်းအောင်အားတွေ့ဆုံမေးမြန်းခဲ့ရာ ဦးသိန်းထွန်းအောင်က "၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲနဲ့ ပတ်သက်လို့ ရန်ကုန်မြို့မှာ ကျင်းပမြဲဖြစ်တဲ့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏမှာ ကျင်းပမှာဖြစ်ပါတယ်။ ခါတိုင်းကျွန်တော်တို့ ဒီထဲမှာ စင်မြင့်ဆောက်လုပ်တဲ့ အနေအထားက အရေးကြီးပုဂ္ဂိုလ်တွေကြည့်တဲ့ အရှေ့တည့်တည့်မှာထားပါတယ်။ ဒီနှစ်မှာ စင်မြင့်ဆောက်လုပ်မယ့် အနေအထားကကန့်လန့်အနေအထားဆောက်ထားပါတယ်။ စင်မြင့်ဆောက်တဲ့ အနေအထားမှာ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ Arena ရဲ့ သုံးပုံတစ်ပုံ နီးပါးလောက်နေရာယူထားပါတယ်။ နေရာယူထားတဲ့အပြင် မနှစ်ကအတွေ့အကြုံအရ အနုပညာရှင်များထိုင်မယ့် ခုံကိုလည်း ဒီနှစ်မှာအားလုံး လွတ်လွတ်လပ်လပ်နဲ့ ချောင်ချောင်လည်လည် ထိုင်ဖို့အတွက်ကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရဲ့ ခုံအရေအတွက် ၆၆၀၀ ကျော်အသုံးပြုမှာဖြစ်ပါတယ်။ ဒီ ၆၆၀၀ ကျော်မှာလည်း ဖိတ်ကြားထားတဲ့ ဧည့်သည်တွေအတွက် ၁၃၆၆ ခုံ၊ ပြည်သူလူထု



ဦးသိန်းထွန်းအောင်

အတွက် ခုံ ၄၆၀၀ ကျော် ရောင်းချနိုင်မှာဖြစ်ပါတယ်။ အနုပညာရှင်တွေအတွက်က ၁၀၅၆ ခုံ ကျွန်တော်တို့ခင်းကျင်းထားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်အပေါင်းက (မီဒီယာမပါ) ၇၆၆၅ ခုံ ပရိသတ်တွေအတွက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီလို ခုံအရေအတွက်ကြောင့်ယခင်နှစ်တွေထက်စာရင် တက်ရောက်နိုင်တဲ့ ပရိသတ်ပိုလာပါမယ်" ဟု ပြောကြားသည်။

ဆက်လက်၍ အကယ်ဒမီဆုပေးပွဲ၌ မီဒီယာများ သတင်းရယူရာတွင် အဆင်ပြေချောမွေ့အောင် စီစဉ်ထားမှုနှင့်ပတ်သက်၍ မေးမြန်းရာ ဦးသိန်းထွန်းအောင်က "သတင်းရယူနိုင်မယ့်အပိုင်းနဲ့ ပတ်သက်ရင်တော့ ဒီနှစ်မှာ သတင်းရယူမှုအတွက်ကို ယခင်နှစ်တွေမှာ ကျွန်တော်တို့ သတင်းရယူမှုအပိုင်းနဲ့ ပရိသတ်ထဲက အမှတ်တရဆောင်ရွက်ချင်တဲ့ ပြည်သူလူထုတွေအတွက် ပွဲကျင်းပတဲ့အခါမှာ နည်းနည်းလေးအဆင်မပြေမှုတွေရှိပါတယ်။ အဆင်မပြေမှုတွေ အတွက် ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ အစီအစဉ်တွေရှိပါတယ်။ ဆောင်ရွက်ထားတဲ့အစီအစဉ်တွေမှာ သတင်းရယူမယ့် ရုပ်/သံ မီဒီယာရော၊ ပုံနှိပ်မီဒီယာရော၊ အစိုးရမီဒီယာရော၊ ပုဂ္ဂလိကမီဒီယာရော တစ်ပြေးညီ သတင်းရယူရမှာဖြစ်ပါတယ်။ အဓိကကတော့ အနုပညာရှင်တွေစရောက်လာပြီဆိုကတည်းက ကျောက်လှေကားရှေ့မှာ ကားရပ်မယ်။ အဲဒီ တစ်လျှောက်ကို သတင်းရယူဖို့ ဆောင်ရွက်ပေးထားပါတယ်။ အနုပညာရှင်တွေနားတဲ့နေရာအထိ သတင်းရယူဖို့ ဆောင်ရွက်ပေးထားပါတယ်။ ပြီးတဲ့အခါကျတော့ Arena ပွဲကြည့်စင်အောက်ရှိဝင်းရဲ့ အထဲမှာ အနုပညာရှင်များရှိပါတယ်။ ဒီထဲမှာ သတင်းရိုက်ကူးခွင့်မပြုပါဘူး။ ပွဲမတိုင်မီမှာ အနုပညာရှင်များနဲ့ တွေ့ဆုံမေးမြန်းခြင်းတွေ ဆောင်ရွက်နိုင်သလို အခမ်းအနားပြီးရင်လည်း ဆောင်ရွက်နိုင်ပါတယ်။ အခမ်းအနား ကျင်းပချိန်အတွင်းမှာ မီဒီယာတွေအတွက် နေရာချထားပေးပါတယ်။ ချထားပေးတဲ့ မီဒီယာများအတွက် နေရာများကပဲ ရုပ်/သံမီဒီယာရော၊ ပုံနှိပ်မီဒီယာရော၊ အစိုးရမီဒီယာရော၊ ပုဂ္ဂလိက မီဒီယာရော အားလုံးက တစ်ပြေးညီ သတင်းယူဖို့အတွက် စတိတ်စင်ရဲ့ ဝဲ/ယာနဲ့ ရှေ့တည့်တည့်ရှိ ပွဲကြည့်စင်များမှာ နေရာပေးထားပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ယခုနှစ် အကယ်ဒမီဆုပေးပွဲ၏ ထူးခြားချက်များကို ဦးသိန်းထွန်းအောင်က ပြောကြားရာတွင် "နောက်ထူးခြားတာကတော့ ဒီနှစ်စင်မြင့်ဒီဇိုင်းပါ။ ခါတိုင်းစင်မြင့်ဒီဇိုင်းက လေးထောင့်၊ ဒီနှစ်စင်မြင့်ဒီဇိုင်းက အဝိုင်းအဆင့်ဆင့် လှေကားထစ်လေးတွေနဲ့ လုပ်ထားတဲ့ အနေအထားမျိုးရှိပါတယ်။ ဒီအခမ်းအနားကို တာဝန်ယူဆောင်ရွက်တဲ့ အဖွဲ့တွေက ဒီအခမ်းအနားရဲ့ အဓိကက ရွှေရောင်လွှမ်းတဲ့ အခမ်းအနားပုံစံမျိုးကို လိုချင်ပါတယ်။ အဲတော့ ရွှေရောင်ကိုပေါ်လွင်စေတဲ့အနက်ကို



ဦးအောင်မျိုးဦး

နောက်ခံထားပြီး ရွှေရောင်ပေါ်လွင်စေတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ပါတယ်။ နောက်တစ်ခုကတော့ ခါတိုင်းတေးဂီတဖျော်ဖြေမှုမှာ ဘေးကနေဖျော်ဖြေတယ်။ ဖျော်ဖြေတဲ့သူကလည်း ဘေးကပဲ ဖျော်ဖြေတယ်။ ဒီနှစ်မှာ တီးဝိုင်းရော၊ သီဆိုသူရော လာတဲ့ ပရိသတ်အားလုံးမြင်နိုင်အောင် ဒီအခမ်းအနားကို တက်ရောက်လာတဲ့ ပရိသတ်တင်မက ရုပ်မြင်သံကြားကို ကြည့်နေသူ ပြည်သူလူထုပရိသတ်တွေပါ ထင်ရှားစွာ မြင်နိုင်အောင် အစီအစဉ်လုပ်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီအခမ်းအနားကျင်းပနေချိန်အတွင်းမှာလည်း ဖျော်ဖြေရေးအစီအစဉ်ကိုလည်း တွဲဖက်ပြီးတော့ ထည့်ဖို့ ရှိပါတယ်။ ခါတိုင်း ကျွန်တော်တို့ အင်ဒိုးလုပ်တယ်။ ဒီအားကစားရုံမှာရှိတဲ့ မီးနဲ့လုပ်ပါတယ်။ ဒီနှစ်ကတော့ Performance နဲ့ တွဲပြီးတော့ Performance Lighting တွေကို အဓိကထားပြီး သုံးပါမယ်။ နောက်တစ်ခုက ခါတိုင်းဆိုရင် ဆုတွေကို ပြမထားဘူး။ နောက်ကနေပဲ ဆုတွေကို ထုတ်ထုတ်ပေးတယ်။ ဒီနှစ်မှာတော့ လျာထားတဲ့ ဆုဘယ်နှဆုရှိသလဲ။ အဲဒီဆုတွေကို ကျွန်တော်တို့ ဒီနှစ်မှာ အကုန်ခင်းကျင်းပြသထားမှာ ဖြစ်ပါတယ်။ လျာထားတဲ့ဆုတွေခင်းထားလို့ အားလုံးပေးမယ်ဆိုတဲ့ သဘော မဟုတ်ပါဘူး။ ဒီနှစ်ဆုပေးပွဲအတွက် အကယ်ဒမီရွေးချယ်ရေးအဖွဲ့နှစ်ဖွဲ့က ကြည့်ပါတယ်။ လျာထားသင့်တဲ့ ဆု ၁၂ ဆုကို သတ်မှတ်ထားတယ်။ ထိုက်တန်တဲ့ဆုတွေကို ကျွန်တော်တို့ တစ်ဆုချင်းပေးသွားမှာပါ။ ဆုချီးမြှင့်ခြင်းနဲ့ ပတ်သက်ပြီး ထင်သာမြင်သာစွာရှိတဲ့ ဆောင်ရွက်ချက်လေးတစ်ခုပါ"ဟု ပြောကြားသည်။

ဆက်လက်၍ အကယ်ဒမီဆုပေးပွဲနှင့်ပတ်သက်၍ အဓိကပံ့ပိုးဆောင်ရွက်မှုအပိုင်း၊ ရုပ်ရှင်ချစ်ပြည်သူများ အကယ်ဒမီဆုပေးပွဲသို့ လာရောက်ကြည့်ရှုရာတွင် ပွဲကြည့်လက်မှတ်များ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ စင်ကာပူနိုင်ငံတွင် အခြေစိုက်သော Barco Co., Ltd. ၏ မြန်မာနိုင်ငံအတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးနေသည့် Clover Solutions Co., Ltd. Marketing Manager ဦးအောင်မျိုးဦးက ပြောကြားရာတွင် "စတိတ်စင်ဆောက်လုပ်မှုအပိုင်း၊ Lighting အပိုင်း၊ ဒစ်ဂျစ်တယ်အပိုင်း၊ ဖျော်ဖြေရေးအပိုင်း၊ ဧည့်ခံရေးအပိုင်း၊ ဖိတ်ကြားရေးအပိုင်း အကုန်လုံး ကျွန်တော်တို့ အစ၊ အဆုံး တာဝန်ယူထားပါတယ်။ ကျွန်တော်တို့က ဒီနှစ် အကယ်ဒမီဆုပေးပွဲကို ခါတိုင်းနှစ်နဲ့ မတူအောင် ထူးထူးခြားခြားလေးဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။ လူငယ်တွေအားလုံးပေါင်းပြီးတော့ လူငယ်တွေရဲ့ အိုင်ဒီယာနဲ့ စတိတ်စင်ကအစ ဖျော်ဖြေရေးအပိုင်း ဒီနှစ်မှာထည့်ပေးထားတယ်။ မြူးမြူးကြွကြွလေးဖြစ်အောင် Oscar ပုံစံမျိုးလေး လုပ်ပေးထားတယ်။ တီးဝိုင်းကတော့ The Trees ပါ၊ ခါတိုင်းနှစ်တွေကဆို ဆုစပေးပြီဆိုတာနဲ့ သီချင်းမဆိုတော့ဘူး။ ဒီနှစ်ကျတော့ ဆုသုံးဆုပေးပြီးရင် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များက ပူးပေါင်းပြီး ဖျော်ဖြေတင်ဆက်ကြမယ်။ ဆုမပေးခင်လည်း ဖျော်ဖြေမယ်။ ဒီနှစ် အကယ်ဒမီပွဲကြီးကို စည်စည်ကားကားဖြစ်အောင် ပွဲကြည့်လက်မှတ်များကိုလည်း Junction ရုပ်ရှင်အုပ်စု၊ မင်္ဂလာရုပ်ရှင်အုပ်စုများမှာ ရောင်းချပေးနေပါတယ်။ အထူးသဖြင့် ဒီရုပ်ရှင်အစည်းအရုံးက အနုပညာရှင်များက လက်မှတ်ရောင်းချပွဲမှာ ကူညီပေးမယ်။ ဒီဇင်ဘာ ၂၈ ရက်မှာ Junction Square မှာ အနုပညာရှင်များက လက်မှတ်များ ရောင်းချပေးမှာဖြစ်ပါတယ်။ အရောင်းမြှင့်တင်ပွဲပါ။ အများပြည်သူ ကြည့်ရှုနိုင်ဖို့အတွက် လက်မှတ်များကို ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၂၀၀၀၀ တန် သုံးမျိုး စီစဉ်ထားပါတယ်"ဟု ပြောကြားသည်။

၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ မည်သည့်အနုပညာရှင်၊ အတတ်ပညာရှင်များ ထူးချွန်ဆုများ ရရှိကြမည်ကို ရင်ခုန်စွာ စောင့်မျှော်ကြရတော့မည်ဖြစ်ပါသည်။ ။




# ဇဲလ်ဒက်ထွက်ခွာသွားမည်ဆိုပါက ငိုကြွေးရလိမ့်မည်ဖြစ်ကြောင်း ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာဖွင့်ဟ



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်း၏ လက်စွမ်းပြဂိုးသမား ဗစ်တာဗဲလ်ဒက်အနေဖြင့် လာမည့် နွေရာသီတွင် အသင်းမှထွက်ခွာသွားမည်ဆိုပါက မိမိမှာ ငိုကြွေးရလိမ့်မည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား အင်နီယေစတာက ၎င်း၏ ခံစားချက်ကို ဖွင့်ဟပြောကြားခဲ့သည်။

ဘာစီလိုနာဂိုးသမား ဗဲလ်ဒက်သည် ဘောလုံးရာသီ ၁၂ ရာသီကြာ ဘာစီလိုနာပထမအသင်း၏ အားထားရသော ဂိုးသမားအဖြစ် ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၎င်း၏ စာချုပ်သက်တမ်းကုန်ဆုံးပါက စာချုပ်သက်တမ်းထပ်တိုးချုပ်ဆိုမည်မဟုတ်ဘဲ အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း မေလအတွင်းက လူသိရှင်ကြား ကြေညာခဲ့သည်။

“ဗဲလ်ဒက်သာထွက်ခွာသွားမယ်ဆိုရင်တော့ ကျွန်တော်ငိုရလိမ့်မယ်ဆိုတာ ကျွန်တော် ယုံတမ်းစကားပြောတာ မဟုတ်ပါဘူး။ ဗဲလ်ဒက်ရဲ့ လက်စွမ်းပြမှုတွေနဲ့ အခုဘောလုံးရာသီမှာ အောင်မြင်မှုတွေ ရယူဖို့ ဘာစီလိုနာတစ်သင်းလုံးက မျှော်လင့်ထားတာပါ” ဟု အသက် (၂၉) နှစ်အရွယ် ဘာစီလိုနာကွင်းလယ်ကစားသမား အင်နီယေစတာက ပြောကြားခဲ့သည်။

လက်ရှိဘာစီလိုနာအသင်းတွင် အားထားရသော ကစားသမားဖြစ်သည့် မက်ဆီဒဏ်ရာပြဿနာ ကြုံနေသော်လည်း အသင်း၏ ကွင်းလယ်ပိုင်းကို အားပြုထားသည့် ဘာစီလိုနာအသင်းသည် စပိန် လာလီဂါအမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ဦးဆောင်နေဆဲပင်ဖြစ်သည်။

# ပရိသတ်များသို့နှစ်သစ်ကူးဆုတောင်းလွှာ ပေးပို့ခဲ့သည့် တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့် ခွန်ဆန်ဝူး

အမျိုးသမီးပရိသတ်အတော်များများ၏ အမာခံနှစ်သက်အားပေးမှုကို ရရှိထားသည့် တောင်ကိုရီးယားကြယ်ပွင့် ခွန်ဆန်ဝူးသည် ၂၀၁၄ ခုနှစ်ကိုကြိုဆိုသည့် နှစ်သစ်ကူးဆုတောင်းလွှာကို ကြာသပတေးနေ့က ပရိသတ်များထံသို့ ၎င်း၏ တရားဝင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ပေးပို့ဆုတောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆုတောင်းလွှာတွင် မကြာမီရောက်ရှိလာမည့် ၂၀၁၄ ခုနှစ်သည် ပရိသတ်များအတွက် အရာရာအောင်မြင်သည့်နှစ်သစ်ဖြစ်ပါစေကြောင်းနှင့် နှစ်သစ်တွင်လည်း ပရိသတ်များကိုစိတ်ကျေနပ်မှုပေးစွမ်းနိုင်မည့် သရုပ်ဆောင်ကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားမည်ဟု ရေးသားထားကြောင်း သိရသည်။

သရုပ်ဆောင် ခွန်ဆန်ဝူးသည် ၂၀၁၃ ခုနှစ်အတွင်းက Yawang ဇာတ်ကားတွင် အမြွှာဇာတ်ရုပ်ဖြင့် လည်းကောင်း၊ Medical Top Team ဇာတ်ကားတွင် ၎င်း၏ ပထမဆုံးသော ဆရာဝန်တစ်ယောက်အဖြစ် အဓိကပါဝင်သရုပ်ဆောင်ထားခဲ့သည်။

ခွန်ဆန်ဝူးသည် ယင်းဇာတ်လမ်းတွဲများဖြင့် ပရိသတ်၏အားပေးမှု အထူးစံချိန်တင်နိုင်ခဲ့ကြောင်းလည်း သိရသည်။

**မျိုးစန္ဒာမောင်**



# ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း ကာစီးယက်စ်အရိပ်အမြွက်ပြောကြား



ရီးယဲလ်မက်ဒရစ်ဂိုးသမား ကာစီးယက်စ်သည် လက်ရှိကစားနေသော ရီးယဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်ကြောင်း အရိပ်အမြွက် ပြောကြားခဲ့သည်။

ကာစီးယက်စ်အနေဖြင့် ၎င်း၏ ပုံမှန်ပွဲထွက်ခွင့်အတွက် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရမည်ဆိုပါက လာမည့်နွေရာသီတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဥရောပ၏ ထိပ်တန်းအဆင့်ရှိအသင်းကြီးများထဲမှ တစ်သင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် ကာစီးယက်စ်သည် ကမ္ဘာ့တစ်ဝန်းမှ လူငယ်ဂိုးသမားများအတွက် ကာစီးယက်စ်ဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် ဒိုဟာ၌ လေ့ကျင့်ပေးမှုများပြုလုပ်ရန် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စပိန်နိုင်ငံလက်ရွေးစင်အသင်းအတွက် ၁၅၂ ပွဲစံချိန်တင်ကစားပေးခဲ့ပြီး မိမိအား ပထမပွဲထွက်ဂိုးသမားအဖြစ် ရွေးချယ်မည်ဟု အာမခံချက်ပေးပါက မည်သည့်အသင်းကိုမဆို ပြောင်းရွှေ့လိမ့်မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်ဂိုးသမား ကာစီးယက်စ်က လူသိရှင်ကြားပြောကြားခဲ့သည်။

**ငွေကြယ်**

RUBY

H.A.L TRAVELS

Dream Paradise

KSD
Kayin State Development Public Company Limited
(Kayin State Development Public Company Limited)

JOB VACANCIES
PUBLIC ACCOUNTANT
ENGINEER (Architect or Civil)
ksdpubliccompany@gmail.com

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်
KYIN STATE DEVELOPMENT PUBLIC CO.,LTD.
KSD
Post-Graduate Diploma in Law

# ဆင်နှင့်တောရိုင်းတိရစ္ဆာန်များ ပစ်ခတ်သည့် တရားမဝင်လက်နက်များဖမ်းမိ

**ကျောက်တံခါး ဒီဇင်ဘာ ၂၈**

ပဲခူးရိုးမတောအတွင်း ဆင်နှင့်သဘာဝအလျောက် ကျင်လည်ကျက်စားလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ပစ်ခတ်သတ်ဖြတ်မှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိရာတွင် ကျောက်တံခါးမြို့နယ် ဘိုင်းဒါးသစ်တောကြိုးဝိုင်း၊ ပန်ဒါကျွန်းစိုက်ပျိုးရေး ကုမ္ပဏီပိုင်နက်အတွင်း၌ ပဲခူးရိုးမ တောင်ပေါ်သစ်ထုတ်လုပ်ရေးစခန်းမှ ဆင်များနှင့် တောရိုင်းတိရစ္ဆာန်များအား ပစ်ခတ်လျက်ရှိသော ဆင်သတ်မုဆိုးအဖွဲ့က အသုံးပြုသော တူမီးသေနတ်များအား လျှို့ဝှက်သိမ်းဆည်းထားကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှ ရဲအုပ်အောင်ကျော်ဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ဦးသန်းညွန့်နှင့်တာဝန်ရှိသူများ၊ ပန်ဒါကျွန်းစိုက်ပျိုးရေး ကုမ္ပဏီမှ ကြီးကြပ်ရေးမှူး ဦးအောင်ဝင်းနှင့် ဦးမျိုးသိန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘိုင်းဒါးသစ်တောကြိုးဝိုင်းအတွင်း ကွင်းဆင်း၍ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေစဉ် သစ်တောကြိုးဝိုင်းအကွက်အမှတ် (၁၀၇) ပန်ဒါကျွန်းစိုက်ပျိုးရေး ကုမ္ပဏီပိုင်ကြံ့ချောင်း လျှိုအနီးတွင် ပြောင်းအရှည်သုံးပေ ရှစ်လက်မ၊ အချင်း သုည ဒသမ ၇၅ လက်မရှိ တရားမဝင် တူမီးသေနတ်သုံးလက်၊ ပြောင်းအရှည်နှစ်ပေ ရှစ်လက်မ၊ အချင်း တစ်လက်မ ရှိတူမီးသေနတ် တစ်လက် စုစုပေါင်း တူမီးသေနတ် လေးလက်နှင့် အရှည် တစ်ပေ ကိုးလက်မရှိ ဓားမ နှစ်ချောင်း၊ အရှည် တစ်ပေ လေးလက်မရှိ ဓားဦးချွန် တစ်ချောင်းတို့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် ဖဒိုနယ်မြေရဲစခန်းက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်းအမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ်ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**



# ဘားအံ-သထုံအဝေးပြေးလမ်းမပေါ်တွင်(၁၂)ဘီးယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ဘားအံ ဒီဇင်ဘာ ၂၈**

ဘားအံ-သထုံကားလမ်းပေါ်တွင် ဒီဇင်ဘာ ၂၆ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ အခွန်ဆောင်ကုန်ပစ္စည်း ခုနစ်မျိုးတင်ဆောင်ပြီး ယာဉ်မောင်း မောင်မောင်ကြီး(ခ)ရခိုင် ဘောင်းဒွပ်ကျေးရွာ မြောက်ဦးမြို့နယ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် မျိုးဇော်ထွန်း အောင်မေတ္တာလမ်း သမိုင်း ရန်ကုန်မြို့နေသူတို့ လိုက်ပါစီးနင်းလာသော ယာဉ်အမှတ် 5F/-----(YGN) ဖူဆိုအမျိုးအစား (၁၂)ဘီးခေါင်းအပြာရောင်ယာဉ်သည် ဘားအံဘက်မှ သထုံဘက်သို့မောင်းနှင်လာစဉ် ဘားအံမြို့နယ် အောက်ကော့ရင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂/၁၇ နှင့်(၃/၁၇)အကြား လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းမဝဲဘက်အခြမ်းသို့ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်း မောင်မောင်ကြီး(ခ)ရခိုင်တွင် နဖူးပွန်း၊ ယာခြေဖမိုးပွန်း၊ ဝဲဘက်ခြေသလုံးပွန်း ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်နောက်လိုက်တွင် ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း၊ ယာဉ်မောင်းအား ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ မောင်မောင်ကြီး(ခ)ရခိုင်အား ဘားအံမြို့မရဲစခန်းက အမှုဖွင့်ထားရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ကလေးဝမြို့၌ တရားမဝင် သစ်များ သိမ်းဆည်းရမိ

**ကလေးဝ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်း (၃)၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၃)နှင့် ကလေးဝမြို့နယ်ဦးစီးအရာရှိ ဦးကောင်းညွန့်တို့ ခေါင်းဆောင်၍ သစ်တောဝန်ထမ်းများပါဝင်သော အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က မြစ်သာမြစ်ကမ်းဘေးမှ ကျွန်းသစ် ၁၂ လုံး(၁ ဒသမ ၄၃၂၄တန်)၊ ဆင်ခေါင်းရွာအနီး ချင်းတွင်းမြစ်ကမ်းဘေးမှ တမလန်းဓားရွေတုံး ၃၆ တုံး(၂ ဒသမ ၇၂၀၂တန်)၊ ပျဉ်းကတိုးဓားရွေတုံးနှစ်တုံး (သုည ဒသမ ၁၂၄၈ တန်)၊ သစ်သားခွဲသား ၁၅၅ ချောင်း (၇ ဒသမ ၉၅၁၆တန်)၊ ပျဉ်းကတိုးခွဲသား ၁၆ ချောင်း(သုည ဒသမ ၈၀၈၂ တန်)၊ သစ်မကျိုးခွဲသား ရှစ်ချောင်း (သုည ဒသမ ၆၁၄၀တန်)၊ အင်ခွဲသား ၅၄ ချောင်း( ၂ ဒသမ ၀၆၅၄တန်)၊ ဒီဇင်ဘာ ၂၃ ရက်က ချင်းတွင်းမြစ်ကမ်းဘေးမှ တမလန်းဓားရွေတုံး ၅၃ တုံး (၃ ဒသမ ၇၅၈၈တန်)၊ သစ်ယာခွဲသား ၇၁ ချောင်း (၃ ဒသမ ၇၁၃၄တန်)နှင့် ဒီဇင်ဘာ ၂၄ ရက်က ချင်းတွင်းမြစ်ကမ်းဘေးမှ သစ်ယာခွဲသား ၁၀၆ ချောင်း (၂ ဒသမ ၀၄၆၂တန်)တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

**ချင်းတွင်းသား(iprd)**


ထွေ/အုပ်စီမံ(၁)၊ အမျိုးသားလွှတ်တော်ရုံး၊ ဒု/ဦးစီးမှူး

ထူးချွန်ထက်မြက်သည့် အရာရှိပေါင်းများစွာ မွေးထုတ်ပေးခဲ့ပြီး ဆက်လက်မွေးထုတ်ပေးလျက်ရှိသော

HERO

ရာထူးဝင်သင်တန်း
အင်္ဂလိပ်၊ မြန်မာ၊ အထွေထွေ
ဗဟုသုတ(ပြည်တွင်း/ပ)

- တန်းခွဲ (၁)၊ ဘားအံမြို့၊ 09-425010033၊ 058-21770
- တန်းခွဲ (၂)၊ ပဲခူးမြို့၊ 09-428141067၊ 09-254034989
- တန်းခွဲ (၃)၊ မုံရွာမြို့၊ 09-47070274

ရပ်ဝေးမှ တက်ရောက်မည့်သူများအတွက် အနီးကပ်ရက်တိုသင်တန်း


# ဆိုင်ကယ်အမောင်းကြမ်း၍ တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၂၈**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ နယ်မြေရဲစခန်းအနောက်ဘက်လေးမိုင်ခန့် ပုသိမ်-မုံရွာကားလမ်းမကြီး မိုင်တိုင် ၁/၅၉၊ ၂/၅၉ ကြားသနပ်ပင်ရိုးတံတားအနီး၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲက ဇော်မင်းထက် ကျွန်းထောင့်ကျေးရွာနေသူမောင်းနှင်၍ နောက်မှ သန်းဝင်း ထန်းပင်ကျိုးကျေးရွာ စီးနင်းလိုက်ပါလာသော လွန်စင်းအမျိုးအစား DT-125 ဆိုင်ကယ်နှင့် ဦးမြင့်အောင်မောင်းနှင်၍ နောက်မှ ဦးမြင့်မောင် မအူကုန်းအုပ်စု ထောင့်မှန်ကုန်းကျေးရွာနေသူ စီးနင်းလိုက်ပါသော လော်ဂျား 110 အမျိုးအစားဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဦးမြင့်မောင်မှာ ဒဏ်ရာကြောင့် နေရာတွင်ပင် သေဆုံးခဲ့ပြီး ကျန်သုံးဦးမှာ ပြင်းထန်သောဒဏ်ရာများရရှိ၍ ငါးသိုင်းချောင်းမြို့နယ်ခွဲဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ မြို့နယ်ခွဲနယ်မြေရဲစခန်းမှ ဒုရဲအုပ်ကြည်စိုးက တရားလိုပြုလုပ်၍ ယာဉ်ပုဒ်မ ၁၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ်ခွဲပြန်/ဆက်)**














# ရိုးသားဖြောင့်မတ်သော အငှားယာဉ်မောင်း ပိုင်ရှင်ရှာဖွေ၍ ပစ္စည်းများပြန်လည်ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီ၄၀မိနစ်ခန့်က ယာဉ်မောင်း ဦးကောင်းမြတ်လှိုင် အမှတ်(၇၈) ပိတောက်ပင်လမ်း ကြည့်မြင်တိုင်မြို့နယ်နေသူ မောင်းနှင်လာသော ၄ဃ/--အငှားယာဉ်ပေါ်တွင် ခရီးသည်မေ့ကျန်ရစ်ခဲ့သော အိတ်တစ်လုံးအား တွေ့ရှိသဖြင့် ခရီးသည်ငှားစီးသော အလုံမြို့နယ် ကရင်ခြံရပ်ကွက် ခုပ်ဖူစားသောက်ဆိုင်သို့ပြန်လာပြီး အိတ်ပိုင်ရှင်အားစုံစမ်းရာ စားသောက်ဆိုင်ပိုင်ရှင်မှ အဆိုပါပိုင်ရှင်အား ဖုန်းဖြင့်အကြောင်းကြားပြီး အိတ်ပိုင်ရှင်LU QTNG လုချင် ယူနန်ပြည်နယ် ရွှေလီမြို့နေသူနှင့်အတူ ဥဒေါင်းရတနာ ကုမ္ပဏီလီမိတက် ပိုင်ရှင် ဦးကြာညွန့်(ခ)ဦးအိုက်ကြာနု ၆၂×၆၃လမ်းကြား စိန်ပန်းလမ်း မြို့သစ်ရပ်ကွက် မန္တလေးမြို့နေသူတို့ရောက်ရှိလာပြီး အိတ်အားလက်ခံရာ အိတ်အတွင်းမှ တရုတ်နိုင်ငံသုံးငွေ ယွမ် ၈၈၀၀နှင့်အတူ လုချင်၏ နိုင်ငံကူးလက်မှတ်စာအုပ်၊ သစ်လုပ်ငန်းနှင့် ပတ်သက်သော အရေးကြီးစာရွက် စာတမ်းများအား ခုပ်ဖူ စားသောက်ဆိုင်တွင် ပိုင်ရှင်အား ညနေ၄နာရီ ၄၅မိနစ်တွင် ပြန်လည်အပ်နှံ ပေးခဲ့သည်။ **(ဓါတ်ပုံ)**



အဆိုပါယာဉ်မောင်းသည် ဖေဖော်ဝါရီ ၂၇ရက်ကလည်း ယာဉ်ပေါ်တွင် ကျန်ရစ်ခဲ့သည့် အမေရိကန်နိုင်ငံသုံးငွေ ၁၀၃၀၀၊ ယိုးဒယားနိုင်ငံ သုံးငွေ ၂၀၊ ကမ္ဘောဒီယားနိုင်ငံသုံးငွေ ၁၀၀၀၀ကို ကမ္ဘောဒီးယားသံရုံးမှ တစ်ဆင့် ပိုင်ရှင်ထံပြန်လည် အပ်နှံပေးခဲ့သောကြောင့် ကမ္ဘောဒီးယားသံရုံး မှ ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



# ဇလွန်မြို့ ပင်မရေကာတာအနီး သဲသောင်ခုံကြီးပေါ်ထွန်း

**ဇလွန် ဒီဇင်ဘာ ၂၈**

ကျည်းပင်တည်ရှိရာ ပင်မရေကာတာ၏အရှေ့မြောက်ထောင့် ၁၀ဒီဂရီ အကွာကိုက် ၃၀၀၀န်းကျင်ခန့်မှ သဲသောင်ခုံကြီး ဒီဇင်ဘာ တတိယပတ်က ပေါ်ထွန်းလာသည့်အတွက် မြစ်၏ရေစီးကြောင်းမှာ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နှင့် ပိုမိုနီးကပ်လာပြီး ရေကြောင်းပြောင်းလဲမှု မရှိသေးသည့်အတွက် မြစ်ကြမ်းခင်းမှ ရေစူးထိုးနှက်ပြီး ကျည်းပင်တည်ရှိရာ ပင်မရေကာတာစိုးရိမ်နေရမှုကို ပုံပါအတိုင်းတွေ့မြင်ခဲ့ရသည်။

**ဇလွန်အေးခိုင်**

# အမှိုက်များမီးရှို့မည်ဆိုပါက သက်ဆိုင်ရာမီးသတ်ဌာနများသို့ ကြိုတင်အကြောင်းကြားရန်လို

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုခြောက်သွေ့ရာသီအတွင်း အမှိုက်များမီးရှို့မည်ဆိုပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် သက်ဆိုင်ရာမီးသတ်ဌာနများသို့ ကြိုတင်အကြောင်းကြားရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ နိုဝင်ဘာ ၂၁ရက်က ကျင်းပသောအစည်းအဝေးအမှတ် (၄၇/၂၀၁၃)တွင် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်းသိရသည်။ ထို့ကြောင့်ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်များမဖြစ်ပွားနိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မီးချိတ်၊မီးကတ်၊သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိကြရန် နှိုးဆော်ထားကြောင်းသိရသည်။

**ဗညားမောင်မောင်**

# ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၈**

ZW.KMS.ML ရေဆေးအကြည် ပန်းချီပြပွဲကို မန္တလေးမြို့ ၃၄လမ်း၊ လမ်း ၈၀×၈၁-လမ်းကြား၊ ရာပြည့် မန္တလေးစာအုပ်ဆိုင်၊ သီရိပန်းချီ အနုပညာ ပန်းချီပြခန်းတွင် ဒီဇင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ခင်းကျင်း ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ သီရိပန်းချီ အနုပညာ ပြခန်း၏ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အဆိုပါပန်းချီပြပွဲတွင် မန္တလေးမြို့မှ ရေဆေးပန်းချီဆရာ အကျော်အမော်ကြီး များဖြစ်ကြသည့် ပန်းချီဆရာကြီး ဇော်ဝင်း(သစ်ထွင်း)၊ ဆရာခင်မောင်စန်းနှင့် ဆရာမာလာတို့ (၃)ဦး၏ ရေးဆေးပန်းချီကားများကို ပြသသွားမည်ဖြစ်ပြီးပြပွဲမှ ပန်းချီကားရောင်းချရရှိမည့် ငွေအားလုံးကို မြန်မာနိုင်ငံရေဆေးအသင်းရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့မှ ဝါရင့်ပန်းချီပညာရှင်ကြီးများ၏ ရေဆေးလက်ရာ ပန်းချီကားများကို ၅ရက်တိုင်တိုင် ခင်းကျင်းပြသသွားမည်ဖြစ်၍ သွားရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**နန္ဒာမင်းလွင်**

# သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းဟောပြော

**ဖြူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လင်းယောခင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင်၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက်၉နာရီက ကျင်းပရာဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ခိုင်ကကျေးရွာအုပ်စုနေ ပြည်သူများအား ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူချိန်တွင် မေးမြန်းမည့်မေးခွန်းများနှင့် ပတ်သက်၍ မှန်မှန်ကန်ကန်ဖြေဆိုနိုင်ရန် အချက်အလက်များကို ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲသို့ လင်းယောခင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးလှပိုင်နှင့် ကျေးရွာသူကျေးရွာသား ၂၅၀ကျော်တက်ရောက်ကြပြီး တက်ရောက်လာကြသည့် အထောက်အထားပြည့်စုံသော ကျေးလက်ပြည်သူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဖြူး မြင့်ဦး**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**
**နည်းပညာတက္ကသိုလ်/ကောလိပ်များ၏**
**ဒသမအကြိမ်မြောက် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်**
**ဘွဲ့နှင်းသဘင်ကြေညာချက်**

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း -၈-၂-၂၀၁၄ ရက်(စနေနေ့) နံနက် ၉း၀၀နာရီ**
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း -၉-၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိနည်းပညာတက္ကသိုလ်/ ကောလိပ်များတွင် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်းသတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ ×နှစ်လက်မ)အရွယ်ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၃၀-၁၂-၂၀၁၃ ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၇-၁-၂၀၁၄ (သောကြာနေ့)နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ယူကြမည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်းထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များရှိကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**



**စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၇/၂၀၁၃)**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-147(2013-2014) | Down Hole Mud Motor Ex Horizontal Directional Drilling Rig | (1) Set | US$ |
| (၂) | IFB-148(2013-2014) | Caterpillar C-9Truck Engine for 30 Ton Mark Oil Field Truck | (1) No | US$ |
| (၃) | IFB-149(2013-2014) | CNG Compressor Driven Electric Motor With Complete Package | (1) Lot | US$ |
| (၄) | IFB-150(2013-2014) | Spares for IMW(Mother)Dispenser | (7) Items | US$ |
| (၅) | IFB-151(2013-2014) | Arc Transformer Welding Machine with Complete Accessories AC, 400AMP, Dry Type | (8) Nos | US$ |
| (၆) | IFB-152(2013-2014) | Mobile Welding Machine with Complete Accessories 600 AMP, Diesel Engine Driven | (10) Nos | US$ |
| (၇) | IFB-153(2013-2014) | Spares for GM 6V 53 Engine | (15) Items | US$ |
| (၈) | IFB-154(2013-2014) | Spares for GM 6V 71 Engine | (17) Items | US$ |
| (၉) | IFB-155(2013-2014) | Spares for CATD-3408PC Rig Engine | (26) Items | US$ |
| (၁၀) | DMP/L-047(2013-2014) | Multi Grade Diesel Engine Oil SAE 15 W 40 (API-CF 4) | (700)Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

# ဝါသနာရှင်လူငယ်များအတွက် ဘောလုံးကွင်းရှားပါး



စစ်ကိုင်း ဒီဇင်ဘာ ၂၈

ဆီးဂိမ်းပွဲတော်ကျင်းပပြီးနောက် မြန်မာလူငယ်များအတွင်းတွင် ဘောလုံးအားကစားနည်းကို များစွာစိတ်ဝင်စားမှုရှိလာသော်လည်း လူငယ်များကစားရန် ဘောလုံးကွင်းများရှားပါးမှုနှင့် ကြုံတွေ့နေကြရကြောင်း သိရသည်။ စစ်ကိုင်းမြို့ပေါ်တွင် မြို့နယ်ဘောလုံးအားကစားကွင်း၊ အထက(၁)ဘောလုံးကွင်း၊ တိုင်းဒေသကြီးဘောလုံးအားကစားကွင်းစသည့် ဘောလုံးကွင်းကြီးများ တည်ရှိနေသော်လည်း လူငယ်များ ဝင်ရောက်လေ့ကျင့်ကစားရန် အခက်အခဲရှိနေသဖြင့် ဘောလုံးဝါသနာရှင်လူငယ်အများစုမှာ ကွင်းကျယ်ရာမြေလွတ်မြေလပ်များနှင့် လမ်းမများပေါ်တွင်သွားရောက်စုဝေးဘောလုံးကစားနေကြရကြောင်း သိရသည်။ မြန်မာ့ဘောလုံးလောက တိုးတက်မြင့်မားလာရန်အတွက် လူငယ်များ လွတ်လပ်ပျော်ရွှင်စွာ စနစ်တကျ လေ့ကျင့်ကစားနိုင်ရန် ဘောလုံးကွင်းများ လိုအပ်သော်လည်း အများပြည်သူပိုင်ဘောလုံးကွင်းများမှာ အကြောင်းအမျိုးမျိုးနှင့် ဆုံးရှုံးနည်းပါးသွားကြောင်း၊ တည်ဆောက်ထားရှိပြီး ဘောလုံးကွင်းကြီးအချို့မှာလည်း အသုံးပြုနိုင်ခြင်းမရှိဘဲ ဘောလုံးကစားခွင့်များ ပိတ်ပင်ထားကြောင်း သိရသည်။

"စစ်ကိုင်းမြို့ပေါ်မှာ လူငယ်တွေ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ဘောလုံးကစားနိုင်တဲ့ ဘောလုံးကွင်းတွေမရှိသလောက်ပါပဲ။ မြို့နယ်ဘောလုံးကွင်းကလည်း လူငယ်ဘောလုံးဝါသနာရှင်တွေ ဝင်ပြီးကစားဖို့မလွယ်ဘူး။ (အထက) ကျောင်းဘောလုံးကွင်းတွေကလည်း နောက်ပိုင်း အုတ်တံတိုင်းတွေခတ်ပြီး ပိတ်လိုက်ကြတော့ ဝင်ကစားဖို့ အခက်အခဲဖြစ်ကုန်တယ်။ စစ်ကိုင်းမှာ ဇေယျာကွက်သစ်ရပ်ကွက်နားက တိုင်းဒေသကြီးဘောလုံးကွင်းကြီးဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘောလုံးပြိုင်ပွဲခေတ်ပြီးကတည်းက ပိတ်ထားခဲ့တာ နှစ်ပေါင်း ၂၀ ကျော်လောက်ရှိပြီ။ နိုင်ငံတော်ဘဏ္ဍာငွေတွေ အများကြီးအကုန်အကျခံပြီး တည်ဆောက်ထားပေမယ့် အသုံးမပြုဘဲ ပစ်ထားတာ အခုဆိုရင် ဘောလုံးကွင်းကြီးတစ်ခုလုံး သစ်ပင်ချုံနွယ်တွေနဲ့ တောထနေတယ်။ ဘောလုံးဝါသနာပါတဲ့ လူငယ်တွေက မြေနေရာအလွတ်လေးရှိတဲ့ ဧရာဝတီမြစ်ကမ်းဘေးမှာ ဘောလုံးကွင်းလေးလုပ်ပြီး လာကန်ကြရတာ။ **(ဝဲပုံ)** ဒီကွင်းလေးကလည်း မြစ်ရေတိုးချိန်ဆိုရင် ရေမြုပ်နေလို့ မကစားကြရဘူး"ဟု ဘောလုံးဝါသနာရှင်လူငယ်တစ်ဦးက ပြောသည်။

ဇေယျာကွက်သစ်ရပ်ကွက်နှင့် ပါရမီရပ်ကွက်အကြားရှိသည့် ရှစ်ဧကခန့်ကျယ်ဝန်းသည့် တိုင်းဒေသကြီးဘောလုံးကွင်းကြီးသည် နှစ်ပေါင်း ၂၀ ကျော်မျှ အသုံးမပြုဘဲ ပစ်ထားသဖြင့် သစ်ပင်ချုံနွယ်များပေါက်ကာ တောထ၍ ပျက်စီးလျက်ရှိနေကြောင်း၊ မသမာသူများဝင်ရောက်ခိုအောင်း၍ ပြစ်မှုကျူးလွန်နိုင်ကြောင်း၊ အဆိုပါတိုင်းဒေသကြီးဘောလုံးကွင်းကြီးအား ပြည်သူများအတွက် သင့်လျော်သလိုအကျိုးရှိစွာ အသုံးပြုသင့်ကြောင်း ဒေသခံများက ပြောပြကြသည်။ **(နန္ဒာမင်းလွင်)**

# ရမည်းသင်းမြို့နယ်တွင် ရပ်ရွာအေးချမ်းသာယာရေး တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးများညှိနှိုင်း

**ရမည်းသင်း ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ရပ်ရွာအေးချမ်းသာယာရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးများနှင့်ပတ်သက်၍ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ရမည်းသင်းမြို့အောင်ရန်မြင်သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ရမည်းသင်းမြို့နယ်အတွင်း ရွှေလုပ်သားများ ဆန္ဒဖော်ထုတ်မှုသည် မည်သို့မျှမပတ်သက်သည့်အရေးကိစ္စဖြစ်ကြောင်း၊ မြို့နယ်အတွက် အနှောင့်အယှက်များဖြစ်ပေါ်နေသလို ဆူပူအကြမ်းဖက်မှုများမဖြစ်စေရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများအဆင့်ဆင့်သို့ ပြည်သူ့ဗဟိုပြုသော ရပ်မိ၊ ရပ်ဖများအနေဖြင့် ဥပဒေကြောင်းအရ ထိထိရောက်ရောက်ဟန့်တားဆောင်ရွက်အကြံပြုကြရန်ပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီများက ဆန္ဒပြသော ရွှေလုပ်သား ၁၀၀ က ရွှေမြင်တင်စခန်းမှ ဒီဇင်ဘာ ၁၈ ရက်မှ ရမည်းသင်းမြို့သို့စတင်ချီတက်လာရာ ရှေ့ဆုံးမှ အရွယ်မရောက်သေးသောကလေးငယ်များက တုတ်များကိုင်ဆောင်၍လည်းကောင်း၊ နောက်တွင်ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်များချီထားသော အမျိုးသမီးများကလည်းကောင်း၊ နောက်ဆုံးတွင် ဆူပူဆန္ဒပြမည့်သူများက တုတ်များကိုင်ဆောင်ချီတက်လာကြသဖြင့် မြို့မိမြို့ဖများ၊ စီမံခန့်ခွဲရေးကော်မတီများ၊ တရားဥပဒေစိုးမိုးရေးကော်မတီများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ဆည်ကြီးကျေးရွာထိပ်မှစောင့်ပြီး မြို့တွင်းသို့ ဆူပူအကြမ်းဖက်မှုများမပြုလုပ်ရန် အဆင့်(၃)ဆင့်တား၍ ဆောင်ရွက်ခဲ့ကြသည်။

ဆန္ဒပြသူများက အဆင့်ဆင့်ကိုတွန်းတိုက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကဒိုင်းများဖြင့် ကာရံတွန်းထုတ်ဆောင်ရွက်ခဲ့ကြရာ တားဆီးခြင်းကိုလက်မခံဘဲ ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တုတ်များဖြင့်ရိုက်နှက်ခြင်းတို့ကြောင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာများရရှိကာ ဆေးရုံသို့တင်ပို့ပေးခဲ့ရသည်။ ထို့နောက် မြို့မိမြို့ဖများ၊ အထောက်ကူပြုကော်မတီအချို့နှင့် ရပ်ကွက်အထောက်အကူပြုကော်မတီအချို့က အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအနေဖြင့် လိုက်လျောသင့်သည်များကို လိုက်လျောဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ မြို့နယ်သူ မြို့နယ်သားများ၏ အရေးကိစ္စမဟုတ်သည့်အတွက် ဆူပူအကြမ်းဖက်မှုများကို လက်မခံနိုင်ကြောင်း၊ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားကြရန် အကြံပြုကြကြောင်း သိရသည်။

(၁၁၅)

# အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်

**ညောင်ဦး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲတွင် ကင်းထောက်သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများက "ပြည်သူ့အတွက် အဆင်သင့်"သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ အဆိုပါသင်တန်းကာလမှာ ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၁၀၀ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**


## လူမှုရေး/စီးပွားရေးကြော်ငြာ



### အမည်ပြောင်းခြင်း

အဖ ဦးကျော်ဝမ်း၏သမီး မနိုင်းနိုင်းထူး[၁၂/ဥကမ(နိုင်)၂၂၁၄၆၂]အား မအလင်းဘဏ္ဍာဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

ငပုတောမြို့နယ်၊ ကျုံကူးကျေးရွာနေ မောင်ကောင်းထက်ကျော်[၁၄/ဟကက(နိုင်)၀၂၇၂၇၈]၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြည် ဖြစ်ပါကြောင်း။

### ကမန်တိုင်းရင်းသားတို့အတွက် ကမန်လူဦးရေစာရင်း ကောက်ယူရန် အသိပေးကြေညာခြင်း

၁။ ရခိုင်ပြည်နယ်တွင် မူလဇာတိ ပေါက်ဖွားလာကြသော ကမန်တိုင်းရင်းသားများသည် ရခိုင်ပြည်နယ်တွင် သာမကပြည်မဒေသအသီးသီးသို့ပါ ပြောင်းရွှေ့ပျံ့နှံ့ နေထိုင်လာကြသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်ပါသည်။
၂။ ယခုအခါ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ရောက်ရှိနေထိုင်ကြသော ကမန်တိုင်းရင်းသားများ၏ လူဦးရေကို ကမန်လူမျိုးများက တိကျမှန်ကန်စွာ သိရှိနိုင်ရန်အတွက် ကမန်လူဦးရေ ကောက်ခံရေးကော်မတီမှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်မှစ၍ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၆ ရက်ထိ ကျယ်ကျယ်ပြန့်ပြန့် ကောက်ခံသွားမည် ဖြစ်ပါသည်။
၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံး အနယ်နယ်အရပ်ရပ်သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသော မည်သည့်ဘာသာဝင်အဖြစ် ခံယူထားသူ ကမန်တိုင်းရင်းသားများမဆို မိသားစု၏ လူဦးရေကို အထောက်အထားများနှင့်တကွ ကောက်ခံရေးကော်မတီ ရုံးစိုက်ရာ ကမန်အမျိုးသားတိုးတက်ရေးပါတီရုံးသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ကမန်အမျိုးသားများအနေနှင့်လည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပေးကြပါရန် အသိပေး ကြေညာအပ်ပါသည်။

**ကမန်လူဦးရေစာရင်းကောက်ခံရေးကော်မတီ**
**အမှတ်(၄၆၀)၊ ၄လွှာ၊ မြလေးရုံလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ။**
**ဖုန်း-၀၉-၇၃၀၆၇၃၁၄၊ ၀၉-၄၂၀၇၇၁၈၄၊ ၀၉-၄၂၁၁၅၂၃၅၊ ၀၉-၄၂၀၃၉၅၄**






# ဒါတွေလည်း မဖြစ်သင့်

တံတားကျော်လွင်

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲနှင့် သုံးခွမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းမကြီးပေါ်တွင် ကားများသွားလာမှု ခက်ခဲစေရန် တိုင်များစိုက်၍ တန်းများရိုက်ထားသဖြင့် ဒေသခံတောင်သူများ ရိတ်သိမ်းခြွေလှေ့စက်ငှားရမ်းသယ်ဆောင်ရာတွင် အခက်အခဲဖြစ်နေသည့်အပြင် တောင်သူများ၏ လယ်ထွက်သီးနှံများ သယ်ယူရောင်းချရာတွင်လည်း ယခုကဲ့သို့ အခက်အခဲရှိနေခြင်းကြောင့် ရန်ကုန်မြို့ ကုန်စည်ဒိုင်များထံသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ရောင်းချနိုင်ခြင်းမရှိသည့်အတွက် လယ်ထွက်သီးနှံများ ဈေးကောင်းမရခြင်းများဖြစ်နေကြောင်း ဒေသခံတောင်သူများထံက သိရသည်။

ထို့အပြင် ကုန်စည်ကူးသန်းသွားလာမှု လွယ်ကူချောမွေ့စေရန် ကုန်တင်ယာဉ်များရှိသော်လည်း ယင်းတန်းများနှင့်အမိုးကိုင်းများမလွတ်ခြင်းတို့ကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် အခက်အခဲဖြစ်နေသဖြင့် ထော်လာဂျီများဖြင့် တစ်ဆင့်သယ်ယူနေရရာ ကုန်ကျစရိတ်များ၊ သယ်ယူစရိတ်များ များပြားနေသဖြင့် လယ်ယာထွက်သီးနှံများ ရောင်းချရာတွင် အမြတ်အစွန်းပိုမိုမရရှိခြင်းများ ဖြစ်ပေါ်နေသည်။ ယခုကဲ့သို့ တန်းများရိုက်ထားသော ကားလမ်းမမှာ သုံးခွမြို့နှင့် ဆက်သွယ်ထားသော တံတားမြို့နယ်ခွဲ လမ်းတစ်လမ်းတွင်သာ တစ်မူထူးခြားစွာ ရှိနေပြီး မည်သည့်မြို့ မည်သည့်တိုင်းဒေသကြီးတွင်မှ ယခုကဲ့သို့ တန်းရိုက်ထားခြင်းမရှိကြောင်း သိရသည့်အပြင် ရန်ကုန်မြို့နှင့် တံတားမြို့နယ်ခွဲအသွား ရွှေတံတားမှန်လုံယာဉ်လိုင်းကားပိုင်ရှင်များထံတွင် ယင်းကားများ သော့ဖွင့်သွားလာနိုင်ရန် သော့တစ်ချောင်းစီပေးထားကြောင်း သိရပြီး ယင်းမှန်လုံကားများ၏ ယာဉ်တန်ချိန်မှာ ငါးတန်မှ ခုနစ်တန်အထိရှိကြောင်းသိရကာ ကုန်တင်ယာဉ်များသည် သုံးတန်သာရှိသော ယာဉ်များဖြစ်ကြောင်း တွေ့ရှိရပြီး ယာဉ်တန်ချိန် ငါးတန်မှ ခုနစ်တန်အထိ ယာဉ်များကို သွားလာနိုင်ရန် ခွင့်ပြုပေးထားပြီး ကုန်တန်ချိန် သုံးတန်ရှိသော ယာဉ်များကို ယခုကဲ့သို့ တန်းရိုက်၍ သွားလာမှု ခက်ခဲစေရန်ပြုလုပ်ထားခြင်းသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် လယ်ယာထွက်သီးနှံများ ရောင်းဝယ်ရာတွင် အခက်အခဲဖြစ်စေရန် ဟန့်တားထားခြင်းသာဖြစ်သည်။

ကုန်တင်ယာဉ်များသည် တရားဝင်ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသောယာဉ်လိုင်စင်နှင့် လုပ်ငန်းလိုင်စင်အခွန်များ ပေးဆောင်ထားရသော ယာဉ်များဖြစ်သဖြင့် ပြေးဆွဲရခြင်းမရှိဘဲ ရပ်တန့်ထားရခြင်းသည် ယာဉ်ပိုင်ရှင်များ များစွာနစ်နာမှုဖြစ်စေသည်။

မှန်လုံယာဉ်လိုင်းများကို သော့ခတ် ရိုက်ထားသောတန်းများ ဖွင့်လှစ်သွားလာနိုင်ရန် သော့များ ပေးထားခြင်းသည် အခွင့်ထူးခံယာဉ်လိုင်းဖြစ်နေသဖြင့် တစ်ပြေးညီဖြစ်စေနိုင်ရန် ဒေသခံတောင်သူများ၊ ဒေသခံပြည်သူများနှင့် ကုန်တင်ယာဉ်ပိုင်ရှင်များက လိုလားလျက်ရှိကြောင်း သိရှိရပြီး ကုန်တင်ယာဉ်များသွားလာမှု ခက်ခဲစေရန် တန်းများရိုက်ထားသည့်အတွက် သယ်ယူစရိတ်ပိုမိုများပြားလာကာ ကုန်ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း ဒေသခံကုန်မျိုးစုံဆိုင်မှ ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။ ရိုက်ထားသောတန်းကို ဖွင့်ပေးကာ ကုန်တန်ချိန်ကို စနစ်တကျ သတ်မှတ်ဖမ်းသင့်ကြောင်း ထင်သာမြင်သာဖြစ်စေရန် ဒေသခံပြည်သူများကိုယ်စား ရေးသားတင်ပြလိုက်ရပါသည်။ ။





## အမျိုးသမီးခြင်းလုံးရွှေတံဆိပ်ဆုရှင် မဆုတင်ဇာနိုင်အား မြို့ခံပြည်သူများ ဂုဏ်ပြုပွဲကျင်းပ

ရေတာရှည် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမဦးဆုံးခြင်းလုံးပြိုင်ပွဲဖြင့် ရွှေတံဆိပ်ဆုရယူပေးနိုင်ခဲ့သည့် မဆုတင်ဇာနိုင်အား ရေတာရှည်မြို့နယ် ဆွာမြို့သူမြို့သားများက ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပခဲ့သည်။ အစီအစဉ်အရ မြို့သူမြို့သားများက ချီးမြှင့်ငွေ ကျပ်၂၄၀၀၀၀ ကျော်ကို မြို့မိမြို့ဖ ဦးစိုးတင့်က ပေးအပ်ခဲ့ရာ မဆုတင်ဇာနိုင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ "ကျွန်တော်တို့မြို့မှာနေတဲ့ ဒီကလေးမက နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆု ရယူပေးနိုင်ခဲ့တဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ ဒီ့ထက်မက ဂုဏ်ပြုချင်ပေမယ့် ကိုယ်တတ်နိုင်တာလေးနဲ့ စီစဉ်လိုက်ရတာပါ"ဟု ဆွာမြို့ခံတစ်ဦးကပြောပြသည်။ ဆွာမြို့မြောက်ပိုင်း အမှတ်(၅) ရပ်ကွက်တွင် မဆုတင်ဇာနိုင်သည် ခြင်းလုံးအားကစားဖြင့် ၂၀၀၇ ခုနှစ်မှ စ၍ နိုင်ငံ့လက်ရွေးစင်အဖြစ်စတင်ကစားခဲ့ပြီး တရုတ်နိုင်ငံ(မကာအို)အာရှပွဲ၊ (၂၄)ကြိမ်မြောက် ထိုင်းနိုင်ငံဆီးဂိမ်း၊ လာအို ဆီးဂိမ်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော ဆီးဂိမ်းပြိုင်ပွဲများမှ ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆုနှစ်ခု၊ ကြေးတံဆိပ်ဆုတစ်ခုတို့ ရရှိထားပြီးဖြစ်သည်။ "အခုလို မြို့သူမြို့သားတွေက ဂုဏ်ပြုပွဲလုပ်ပေးတာသမီးအနေနဲ့ အများကြီးဝမ်းသာပါတယ်၊ နောက်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ အများကြီးကြိုးစားသွားမှာပါ"ဟု မဆုတင်ဇာနိုင်က ပြောသည်။

(၅၇၈)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

MR. COOK
09 5506333, 09 73079969

ကိုရီးယားသို့ သွားရောက်လိုသူများအတွက် . . . . .
ဆရာ ဦးဇော်လင်း
(B.A , Korean , YUFL) & "HANUL"
ကိုရီးယား ဘာသာသီးသန့်သင်တန်းကျောင်း
EPS-TOPIK
4 Skills
(13-1-2014) (1:00-3:00)
6:00-8:00 PM
130000 KS
Ph : 09 - 400475420, 09 - 47113848

American English Digest for young students



## နှမြောတသ ဝမ်းနည်းကြေကွဲခြင်း

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး

## ဦးဝင်းထိန်

**အသက်(၈၃)နှစ်**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးဝင်းထိန်သည် ၂၆-၁၂-၂၀၁၃ ရက် နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**
**မဟာစည်သာသနာ့ရိပ်သာ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါက်တာ အေးအေးမာ

**အသက်(၆၉)နှစ်**

**သုခလှိုင်ဆေးခန်း**

မန္တလေးမြို့၊ မောရဂီဝါရပ်၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ အိမ်အမှတ်(၁၉၁/၁၃)နေ ဒေါက်တာ စိုးသီဟ-ဒေါက်တာ နန်းလှိုင်စုဖေ တို့၏ချစ်လှစွာသောမွေးမိခင် ဒေါက်တာ ဦးစိုင်းလွန်းဖေ၏ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်အေးအေးမာ အသက်(၆၉)နှစ်သည် ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးဆေးတက္ကသိုလ်**
**(၁၉၆၄-၇၁)**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## လင်ချန်အင်(ခ)ဦးစန်ရင်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် Great Lucky Star Garment Manufacturing Co.,Ltd. ၏ Managing Director ဦးကျင်စိန်-ဒေါ်နီနီအေး၊ ကျေးဇူးရှင်ဖခင်ကြီး၊ Director ဦးထွန်းလင်း၏ အဘိုးသည် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျာများနှင့်ဝန်ထမ်းများ**
**Great Lucky Star**
**Garment Manufacturing Co.,Ltd.**

---

**သွေးသည်အသက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## လင်ချန်အင်(ခ)ဦးစန်ရင်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် Ta-Fa Trading Co., Ltd.၏ Managing Director ဦးကျင်စိန်-ဒေါ်နီနီအေး၊ Executive Director ဦးထွန်းကြည်-ဒေါ်တင်လှမြင့်၊ Director ဒေါ်ခင်ခင်ကြည်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျာများနှင့်ဝန်ထမ်းများ**
**TA-FA TRADING Co.,Ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## လင်ချန်အင်(ခ)ဦးစန်ရင်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် Noble Beauty Business Group Co.,Ltd. ၏ Managing Director ဦးကျင်စိန်-ဒေါ်နီနီအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျာများနှင့်ဝန်ထမ်းများ**
**Noble Beauty Business Group Co.,Ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## လင်ချန်အင်(ခ)ဦးစန်ရင်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်(တီဖိတ်ကြူ(ခ)ဒေါ်ခင်ကြူ) ၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အောင်၊ ဒေါ်ခင်ခင်ကြည်၊ လင်ကင်စိန်(ခ) ဦးထွန်းကြည်-ဒေါ်တင်လှမြင့်၊ ဦးကျင်စိန်-ဒေါ်နီနီအေး၊ ဒေါ်ခင်ခင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanma Super Dragon Group Co.,Ltd**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်ဦး

**အသက်(၈၁)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ပြည်ထောင်စုရှေ့နေချုပ်ရုံး**

ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဗုဒ္ဓဟူးအသင်းတန်ဆောင်းတွင် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဝတ်ရွတ်ပူဇော်လျက်ရှိသော ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအသင်းကြီး၏ဝတ်ရွတ်ပူဇော်ပွဲသို့ စဉ်ဆက်မပြတ်တက်ရောက်ပူဇော်လျက်ရှိခဲ့သော ဦးတင်မောင်ဦးသည် ၂၅-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်နှင့်**
**တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေရုံး မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ရဟန်းအမကြီးဒေါ်စောမြင့်

**အသက်(၈၅)နှစ်**

ဦးဝမ်းတစ်-ဒေါ်ခင်ဌေးဦး(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး)တို့၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး ဒေါ်စောမြင့် အသက်(၈၅)နှစ်သည် ၂၃-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြင့်ဝင်း-ဒေါ်စန်းစန်းကြည်မိသားစု**
**(၁၈)လမ်း၊ ညောင်တုန်းမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်တင်(ကော့မှူး)

**အသက်(၈၃)နှစ်**

ဦးသန်းဇော်ဦး(မေတ္တာမွန် အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး) ကော့မှူးမြို့နယ်အသင်းဝင်၏ဖခင် ဦးမောင်မောင်တင်သည် ၂၂-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဂနေးစမား(ခ)ဒေါ်ခင်စိန်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ ဦးသိန်းလွင်၊ ဦးအေးကြူ(ခ)ဦးရာဂျူးတို့၏မိခင်ကြီး ဒေါ်ဂနေးစမား(ခ) ဒေါ်ခင်စိန် အသက်(၇၃)နှစ်သည် ၂၇-၁၂-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်မြင့်မြင့်အေး(ဆရာမ)**
**စိန်ရတနာရောင်းဝယ်ရေး**
**ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းကိုကို

**အသက်(၄၆)နှစ်**

မင်းကင်းမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဝင်းကိုကိုသည် ၂၅-၁၂-၂၀၁၃ ရက်တွင် တစ်လ ပြည့်သွားပါသဖြင့် ဇနီး ဒေါ်တင်မြတ်စိုး၊ သမီး မအိအိသော်၊ သား မောင်သီဟအောင်နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုနု**
**ပွင့်လျှက်ရွာ၊ မင်းကင်းမြို့နယ်**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ထွေးအောင်

**အသက်(၅၉)နှစ်**

သူငယ်ချင်း ဒေါက်တာဝါဝါမြ၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ထွေး အောင်သည် ၂၃-၁၂-၂၀၁၃ရက် နံနက် ၈ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၅/၈၂ ဒုတိယနှစ် အမ်ဘီဘီအက်စ်**
**ဆေးတက္ကသိုလ် မန္တလေးဝင်သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ကိုနေကမ္ဘာအောင် Gree Air-con (Sale Engineer)၏ညီမ မယမင်းဇာခြည် (၂၆)နှစ်သည် ၂၄-၁၂-၂၀၁၃(အင်္ဂါနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**East Asia United Co., Ltd.**
**Unite Elevator & Gree Air-con**
**(မိသားစုဝင်များ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## လင်ချန်အင်(ခ)ဦးစန်ရင်

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်(တီဖိတ်ကြူ(ခ)ဒေါ်ခင်ကြူ) ၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အောင်၊ ဒေါ်ခင်ခင်ကြည်၊ လင်ကင်စိန်(ခ) ဦးထွန်းကြည်-ဒေါ်တင်လှမြင့်၊ ဦးကျင်စိန်-ဒေါ်နီနီအေး၊ ဒေါ်ခင်ခင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၅-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OZCHEM (M)SDN BHD.**
**MR.WONG CHUN SIN**

# တစ်မူထူးခြားအစီအစဉ်များဖြင့်ကျင်းပမည့် ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုပေးပွဲ

မေး/ရေး » ညွန့်သန်း၊ ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ » ဦးသောင်းမြင့်



မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးကို ရှေးရှု၍ ၁၉၅၂ ခုနှစ်မှစတင်ပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့က နှစ်စဉ်လိုလို မြန်မာ့ရုပ်ရှင်လောကမှ ထူးချွန်ထက်မြက်သည့်အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ပြီးထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်မှာ ယခု ရန်ကုန်မြို့၌ကျင်းပမည့် ၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအထိ အနှစ် (၆၀)အတွင်း (၅၆)ကြိမ် ဆုချီးမြှင့်ခဲ့ပြီး ဖြစ်သည်ဟု သိရသည်။

၁၉၅၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ထူးချွန်ဆုချီးမြှင့်ခြင်းကို ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ၂၀၀၅ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲမှ စတင်၍ ၂၀၁၀ ခုနှစ်အတွက် ထူးချွန်ဆုချီးမြှင့်ပွဲအထိ နေပြည်တော်၌ ကျင်းပခဲ့သည်။ ၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ဆုချီးမြှင့်ပွဲမှစ၍ ရန်ကုန်မြို့၌ ပြန်လည်ကျင်းပခဲ့ပြီး ယခု ၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲနှင့်ဆိုလျှင် ရန်ကုန်မြို့၌ ပြန်လည်ကျင်းပခဲ့သည်မှာ နှစ်နှစ်ရှိပြီဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖

## ယနေ့ မာတိကာ

အခွန်ထမ်းဆောင်သင့်သူအားလုံး လိုလားစွာ အခွန်ထမ်းဆောင်သည့် အခွန်ယဉ်ကျေးမှုဖြစ်ထွန်းလာရေးအတွက် ပြည်သူတစ်ရပ်လုံးပါဝင်လာအောင် စည်းရုံးကြိုးပမ်းဆောင်ရွက်
စာမျက်နှာ - ၃

ကြက်နှင့်ငါး တွဲဖက်မွေးမြူသူများ ဈေးနှုန်းအပြောင်းအလဲကြောင့် အခက်ကြုံ
စာမျက်နှာ - ၁၁

# ALPINE Brand Ambassador အဖြစ် မိုးစက်ဝိုင်ကိုခန့်အပ်



**ရန်ကုန် ဒီဇင်ဘာ ၂၈**

ALPINE Brand Ambassador အဖြစ် Miss Universe Myanmar မိုးစက်ဝိုင်အား ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ လွှယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် လွှယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဒု-ဥက္ကဋ္ဌ ဦးဟန်မင်းထွဏ်းနှင့် Miss Universe Myanmar မိုးစက်ဝိုင်တို့က ALPINE Brand Ambassador အဖြစ် ခန့်အပ်ခြင်း စာချုပ်လွှာတွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ လွှယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၏ ဇနီး ဒေါ်ဂျူလီယာက မိုးစက်ဝိုင်အား ALPINE Brand Ambassador စလွယ်ကို ပေးအပ်ပြီး မိုးစက်ဝိုင်**(ဝဲပုံ)**က ကျေးဇူးတင်စကားပြောကြားသည်။ **(ဖိုးသော်ဇင်)**

# ဗြိတိန်တွင် လူငယ်များ ဖေ့စ်ဘွတ်ခ်အသုံးပြုမှု လျော့နည်းလာ

**လန်ဒန် ဒီဇင်ဘာ ၂၈**

ဥရောပသမဂ္ဂရန်ပုံငွေဖြင့် သုတေသနပြုခဲ့သည့်လေ့လာမှုအသစ်တစ်ခုအရ ဗြိတိန်ဆယ်ကျော်သက်အရွယ်လူငယ်များသည် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်စာမျက်နှာကို ကျောခိုင်းစွန့်ခွာနေကြပြီး Twitter၊ Instagram၊ Snapchat နှင့် Whatsapp အပါအဝင် အခြားသောလူမှုကွန်ရက်များသို့ ပြောင်းလဲအသုံးပြုနေကြပြီဖြစ်သည်။

လန်ဒန်တက္ကသိုလ်ကောလိပ်မှ ရုပ်ဝတ္ထုသိပ္ပံပါမောက္ခ ဒန်နီယယ်လ်မီလာက လေ့လာသုတေသနပြုကာ စာတမ်းတစ်စောင်ပြုစုခဲ့ပြီး ဖေ့စ်ဘွတ်ခ်သည် လူငယ်များ၏ဘဝကို အဆုံးသတ်ကာ မြှုပ်နှံပစ်သည့်အရာတစ်ခုအဖြစ် ညွှန်းဆိုခဲ့သည်။ ဒန်နီယယ်လ်မီလာက ဆယ်ကျော်သက်အရွယ်လူငယ်များသည် ဖေ့စ်ဘွတ်ခ်မှ အခြားလူမှုကွန်ရက်များကို ပြောင်းလဲအသုံးပြုနေသော်လည်း ၎င်းတို့၏မိဘများမှာ ဖေ့စ်ဘွတ်ခ်ကို ဆက်လက်အသုံးပြုနေကြဆဲဖြစ်သည်ဟု ထုတ်ဖော်ပြောကြားသည်။

လူငယ်များသည် ဖေ့စ်ဘွတ်ခ်ကို အသုံးပြုရန် ရှက်ရွံ့စိုးရိမ်နေကြပြီး ၎င်းတို့မိဘများ၏ လျှို့ဝှက်ထောက်လှမ်းမှုများကို ရှောင်ရှားလိုသည့်အတွက် ဖေ့စ်ဘွတ်ခ်မှ အခြားဝန်ဆောင်မှုများသို့ ပြောင်းလဲအသုံးပြုနေကြရခြင်းဖြစ်ကြောင်းနှင့် မိဘများက ၎င်းတို့ထံ မိတ်ဆွေအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုမှုများကို လက်ခံရန် စိုးရိမ်နေကြပြီး အစိုးရအဖွဲ့အစည်းများနှင့် နာမည်ကြီး ကော်ပိုရေးရှင်းများ၏ လျှို့ဝှက်ထောက်လှမ်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

**အောဝမ်းစိုး**








ကြေးမုံ Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2013 DECEMBER 29, SUNDAY




စီးပွားရေး

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုလုပ်ငန်းစုများ

ထင်အောင်ဇော်

စက်မှုလုပ်ငန်းစုများသည် ဒေသတွင်းနှင့် နိုင်ငံတွင်း စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးသည်။ Bangalore ရှိ IT စက်မှုလုပ်ငန်းစုသည် မှတ်သားဖွယ်အကောင်းဆုံးသော ဥပမာဖြစ်ပါသည်။ ထိုမြို့တွင် အဓိကဗဟိုချက်ကျသော IT စက်မှုဇုန်များသာ ပေါ်ထွက်လာခဲ့ခြင်းမရှိလျှင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် နှေးကွေးသော ခြေလှမ်းများဖြင့်သာ တိုးတက်နေမည်ဖြစ်ပြီး ယခုကဲ့သို့ နိုင်ငံတကာ၏ အလေးပေးအာရုံစူးစိုက်မှုကို ခန့်ထည်စွာ ရရှိမည်မဟုတ်သည်မှာ လုံးဝသေချာလှပေသည်။



အိန္ဒိယနိုင်ငံ Bangalore ရှိ Bagmane နည်းပညာဇုန်ကို ဤသို့တွေ့ရစဉ်။

စက်မှုလုပ်ငန်းစုများအား လေ့လာသုံးသပ်ခြင်း၊ ကမ္ဘာ့စီးပွားရေးပြောင်းလဲမှု အခြေအနေများအား ထည့်သွင်းစဉ်းစားခြင်း စသည့် စဉ်းစားဆင်ခြင်ဖွယ်ရာများကို ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ တန်ဖိုးမဖြတ်နိုင်သည့် အချက်အလက်များကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ မျက်မှောက်ခေတ်နှင့် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာ၊ အခြေအနေများ၏ အစုလိုက် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ကျယ်ပြန့်စွာ နားလည်ခြင်းဖြင့် စီးပွားရေးခေါင်းဆောင်များနှင့် လုပ်ငန်းရှင်များသည် အစုလိုက် ထွက်ပေါ်လာခြင်းသို့မဟုတ် တည်ရှိခြင်း၏ အကျိုးကျေးဇူးများကို အများဆုံးရယူနိုင်မည်ဖြစ်သည်။ ထို့ပြင် မူဝါဒချမှတ်သူများနှင့် စီးပွားရေးခေါင်းဆောင်များသည် ၎င်းတို့၏ နိုင်ငံများတွင် စုစည်းလုပ်ဆောင်မှု ဖွံ့ဖြိုးစေရန် စဉ်းစားချင့်ချိန်ကာ စီးပွားရေးမြှင့်တင်နိုင်မည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းကြီးများသည် တစ်စုံတစ်ခုသော အချက်အချာဒေသ၌ အဘယ့်ကြောင့် စုပြုံတည်ရှိနေသနည်း။ အချို့မြို့များသည် အခြားမြို့များနှင့် ဆန့်ကျင်စွာ တိုးတက်နေသည်မှာ အဘယ်ကြောင့်နည်း သို့မဟုတ် စီးပွားရေးကျဆင်းနေသည်မှာ အဘယ့်ကြောင့်နည်း။ အချို့မှာ ဗဟိုချက်သို့ တိမ်းညွတ်နေသည့် စီးပွားရေးအင်အားစု၏ ထုတ်လုပ်မှုကို အခြေခံပြီး အချို့မှာ စီးပွားရေးဗဟိုချက်မှ အဘယ်ကြောင့်ထွက်ခွာသွားကြသနည်း။ အခြေခံအားဖြင့် စီးပွားရေးဆိုင်ရာ ပထဝီဝင် သို့မဟုတ် ဒေသဆိုင်ရာ စီးပွားရေး၏အဓိကအကြောင်းရင်းတစ်ခုနှင့် ဆက်စပ်လျက်ရှိပါသည်။

မကြာသေးမီအချိန်ထိ စီးပွားရေးပညာရှင်များသည် စီးပွားရေးဆောင်ရွက်မှုဒေသကို ကန့်သတ်ပေးပြီး အာရုံစိုက်ခဲ့ကြသည်။ ကုန်စည်များကို ထုတ်လုပ်ရန် သုံးစွဲမှုရွေးချယ်ရာတွင် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများကို အခြေခံ၍ ဆုံးဖြတ်ကြသည်။ စီးပွားရေးပညာရှင်များ၏ အစောပိုင်းကာလ စီးပွားရေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ပထဝီအနေအထားကို

စာမျက်နှာ ၄ သို့ »»



»» ကျောဖုံးမှ

လက်ရှိအခြေအနေတွင် အင်းလေးဒေသ၌ ဟိုတယ်၊ တည်းခိုရိပ်သာ ၄၇ လုံး၊ အခန်း ၁၂၄၇ ခန်းရှိနေသောကြောင့် ဟိုတယ်အခန်းများ ပိုမိုတိုးတက်လာရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ဖိတ်ခေါ် ဆောင်ရွက်သင့်သော အချိန်အခါ ဖြစ်ပါသည်။ သို့ရာတွင် ဟိုတယ်လုပ်ငန်းကြောင့် အင်းလေးကန်သဘာဝပတ်ဝန်းကျင် အခြေအနေပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဖြစ်ပေါ်တိုးတက်ရေးအတွက် စနစ်ကျနသော ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရပါမည်။ ထို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အင်းလေးကန်ဧရိယာနှင့် လွတ်ကင်းပြီး ကန်၏သဘာဝအလှအပကို ကမ်းအပေါ်စီးမှ ရှုမြင်ခံစားနိုင်မည့် ကုန်းမြင့်ဒေသတစ်ခုဖြစ်သော အင်ကြင်းကုန်း ကျေးရွာအနီး မြေ ၆၂၂ ဧကပေါ်တွင် ဟိုတယ်ဇုန်တည်ဆောက်ရန် မြေကွက်များကိုဖော်ထုတ်ပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး စီးပွားရေးအချက်အချာကျကာ ပြည်ပခရီးသည်များ တစ်နှစ်လျှင် နှစ်သိန်းနီးပါးခန့် လာရောက်လည်ပတ်နေသော မန္တလေးမြို့တွင်လည်း တိုးတက်လာသည့် ခရီးသွားဧည့်သည်များအတွက် လိုအပ်မည့် ဟိုတယ်အခန်းများ ကြိုတင်တည်ဆောက်ရန် လိုအပ်သောကြောင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်း ဟိုတယ်ဇုန်တစ်ခု ပေါ်ထွက်လာစေရေးအတွက် မြေယာစီမံခွဲဝေမှုကိစ္စများ စတင်ဆောင်ရွက်လျက်ရှိပါသည်။ ငပလီကမ်းခြေကို နိုင်ငံတကာအဆင့်မီ အပန်းဖြေကမ်းခြေတစ်ခုအဖြစ် ပေါ်ထွက်လာစေရေးနှင့် ငပလီကိုမြို့အဆင့်မြှင့်တင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် အဓိက ခရီးစဉ်ဒေသဖြစ်သော ပုဂံတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်စေရေးအတွက် ရှေးဟောင်းဇုန်နယ်မြေများနှင့် ကင်းလွတ်နေရာများကို စိစစ်ရွေးချယ်ကာ ဟိုတယ်ဇုန်များကိုဖော်ထုတ်ခဲ့ပြီး ယခုအခါတွင် ဧက ၅၀၀ ခန့် ကျယ်ဝန်းသော ဟိုတယ်ဇုန် (၄)တွင် လုပ်ငန်းရှင်များက ဟိုတယ်များကို ဆက်လက်ဆောက်လုပ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းပြည်ပ ဟိုတယ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုများအနေနှင့် ရန်ကုန်မြို့တွင် စင်ကာပူနိုင်ငံမှ လာရောက် ရင်းနှီးလုပ်ကိုင်သည့် အခန်း (၂၄၀)ပါ Shangri-La ဟိုတယ်၏ Residence နှစ်လုံးအား နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဒုတိယအဆင့် အုတ်မြစ်စီအခမ်း အနားကို ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်ခဲ့၍ တည်ဆောက်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အခန်း (၁၀၀)ပါ Rose Garden ဟိုတယ်ကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင်လည်းကောင်း၊ အခန်း(၃၀၀)ပါ Centre Point Tower ကို ၂၀၁၄ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ပြည်လမ်းရှိ အခန်း (၅၀၀)ပါ Taw Win Garden Hotel နှင့် အခန်း (၃၆၆) ခန်းပါ Novotel Hotel အား ၂၀၁၄ ခုနှစ်အတွင်းတွင်လည်းကောင်း ဖွင့်လှစ်နိုင်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

ယခင်က စီးပွားရေးအခြေအနေကောင်းမွန်ခြင်းမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ မြေငှားရမ်းခကြွေးကျန်များ ပေးဆပ်နိုင်ခြင်းမရှိဘဲ ယခုမှသာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဟိုတယ်လုပ်ငန်းများမှာလည်း စီးပွားရေးတိုးတက်ကောင်းမွန်လာပြီး အကြွေးများ ပြန်လည်ဆပ်နိုင်ခဲ့ကြရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ် ၁၉ လုံး၏ မြေငှားခကြွေးကျန် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၁၀၄ သန်းရှိခဲ့ရာမှ ယခုလက်ရှိတွင် ဟိုတယ်သုံးလုံး၏ ကြွေးကျန် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၅၈ သန်းသာကျန်ရှိပြီး သက်ဆိုင်ရာဟိုတယ်များမှ ကြွေးကျန်များပေးသွင်းရေးအတွက် စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့သော ခရီးစဉ်ဒေသအသီးသီးတွင် ဟိုတယ်ဇုန်များစနစ်တကျ ဖော်ထုတ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းကြီးများကို ဆောလျင်စွာပြီးစီးရန် တွန်းအားပေးခြင်း၊ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များ၏ တစ်သီးပုဂ္ဂလဟိုတယ်တည်ဆောက်မှုများကိုလည်း ပံ့ပိုးဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် ယခင် ၂၀၁၀ ခုနှစ်တွင် ဟိုတယ်အလုံးရေ ၆၈၂ လုံးနှင့်အခန်း ၂၁၅၁၁ ခန်း၊ ၂၀၁၁ ခုနှစ်တွင် ဟိုတယ်အလုံးရေ ၇၃၁ လုံးနှင့် အခန်း ၂၅၀၀၂ ခန်း၊ ၂၀၁၂ ခုနှစ်တွင် ဟိုတယ်အလုံးရေ ၇၈၇ လုံးနှင့် အခန်း ၂၈၂၉၁ ခန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်အထိ ဟိုတယ်အလုံးရေ ၉၁၇ လုံးနှင့် အခန်း ၃၄၅၄၆ ခန်းအထိ တိုးတက်လာခဲ့ပါသည်။

**ခရီးစဉ်ဒေသများ အဆင့်မြှင့်တင်ခြင်းနှင့် ခရီးစဉ်ဖော်ထုတ်ခြင်း**

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများပူးပေါင်း၍ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များမှလည်း လက်ရှိခရီးစဉ်ဒေသများရှိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ နယ်စပ်ဝင်ပေါက်များမှ ဧည့်သည် တိုးတက်ဝင်ရောက်စေရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ယခင်က တာချီလိတ်မြို့သို့သာ နေ့ချင်းပြန်ဝင်ရောက်လည်ပတ်ခွင့်ရရှိခဲ့ပြီး ယင်းမှတစ်ဆင့် ကျိုင်းတုံမြို့သို့ လည်းကောင်း၊ မိုင်းလားမြို့သို့ လည်းကောင်း လည်ပတ်ခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယခုအခါ ထိုင်းနိုင်ငံသားများသာမက အခြားနိုင်ငံများမှခရီးသွားဧည့်သည်များလည်း ကျိုင်းတုံမှတစ်ဆင့် မိုင်းလားသို့ လာရောက်လည်ပတ်ခွင့်အပြင် မြန်မာ-ထိုင်းနယ်စပ်ဝင်ပေါက်များဖြစ်သည့် ထီးခီး-ဖူနာရွှန်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းနှင့် တာချီလိတ်-မယ်ဆိုင်ဝင်ပေါက်များမှလည်း ပတ်စ်ပို့၊ ဗီဇာများဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် စတင်ဝင်ရောက်ခွင့်ပြုခဲ့သဖြင့် ယခုအခါ အလွယ်တကူဝင်၊ ထွက်သွားလာနေကြပြီဖြစ်ပါသည်။ ယခင်က နိုင်ငံခြားရှိ မြန်မာသံရုံးများမှ ပြည်ဝင်ခွင့်ဗီဇာဖြင့်သာ လာရောက်လည်ပတ်ခဲ့ကြရပြီး ယခုအခါ ဆိုက်ရောက်ဗီဇာဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်များတွင် ဝင်ရောက်ခွင့်ရရှိနေပြီဖြစ်ပါသည်။ ယင်းအပြင် ပုဂံနှင့် ကော့သောင်းဒေသများတွင် အထူးကိစ္စတစ်ရပ်အနေဖြင့် ဆိုက်ရောက်ဗီဇာကို ဆောင်ရွက်ပေးခဲ့ဖူးပြီး အမြဲဝင်ရောက်ခွင့်ရရှိက ပိုမိုအဆင်ပြေစွာ ဝင်၊ ထွက်သွားလာနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများနှင့် ဗီဇာကင်းလွတ်ခွင့်ရရှိပြီး အခြားအိမ်နီးချင်းနိုင်ငံများနှင့်လည်း ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ်ချုပ်ဆိုနိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။ အလားတူ တရုတ်နိုင်ငံမှလည်း မူဆယ်မြို့သို့ နေ့ချင်းပြန်ဝင်ရောက်လည်ပတ်ခွင့်အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှစ၍ ခွင့်ပြုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဗီဇာတစ်ခုတည်းဖြင့် အာဆီယံနိုင်ငံများအတွင်း သွားလာလည်ပတ်မှုစနစ်နှင့် အီးဗီဇာစနစ်ဆောင်ရွက်ပြီးပါက ခရီးသွားလုပ်ငန်းအား ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၅-၁-၂၀၁၃)ရက်နေ့ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ မိုးကုတ်မြို့အား ခွင့်ပြုချက်တောင်းခံ၍ နိုင်ငံခြားသားများသွားလာခွင့်ပြုခဲ့ရာ ယခုအခါ ခရီးသည်များ အဆင်ပြေစွာ သွားရောက်နေပြီဖြစ်ပါသည်။

**လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ**

ခရီးစဉ်ဒေသအလိုက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အင်းလေးဒေသတွင် မီးသတ်ကားနှစ်စီးနှင့် ငွေကျပ် ၉၄၆ သိန်း၊ ငပလီဒေသတွင် အမှိုက်ကား နှစ်စီး၊ မြက်ဖြတ်စက် လေးလုံး၊ချောင်းသာတွင် သိန်း ၃၀၀ တန် ကျောင်းဆောင်သစ်တစ်ဆောင်၊ အမှိုက်ကား တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ မီးသတ်ကား တစ်စီးနှင့် လမ်းပြင်ရန် ငွေကျပ် သိန်း ၃၀၀၀ တို့ကို ဟိုတယ်လုပ်ငန်းရှင်များက ဒေသအတွက် ပေးလှူခဲ့ကြပါသည်။

ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအပေါ် အခြေခံ၍ ဂျပန်နိုင်ငံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းအစီအစဉ်အရ အရှေ့အနောက် စီးပွားရေးစင်္ကြံဆက်စပ်လမ်းကြောင်းရှိ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အသေးစား စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း ကူညီ ထောက်ပံ့မှုရရှိရန် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှုများ**

ခရီးသွားလုပ်ငန်းများမှာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာလုပ်ငန်းသည် လူကို လူဖြင့် ဝန်ဆောင်မှုပေးရသော လုပ်ငန်းတစ်ခုဖြစ်သည်နှင့်အညီ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အထူးပင်လိုအပ်ပါသည်။

ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ စီစဉ်ကြီးကြပ်မှု၊ သက်ဆိုင်ရာ ဟိုတယ်ဇုန်များမှ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းလေးမျိုးကို နေပြည်တော်၊ ပုဂံ၊ တောင်ကြီး၊ ထားဝယ်၊ ပြင်ဦးလွင်၊ မန္တလေးနှင့် လွိုင်ကော်မြို့များ၌ သင်တန်းပေါင်း ၁၂ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၃၁၃ ဦး တက်ရောက်ခဲ့ကြသည်။ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံသင်တန်း)များကို ၂၀၁၂ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ကျိုင်းတုံ၊ တာချီလိတ်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ စစ်တွေ၊ မိုးကုတ်နှင့် လွိုင်ကော်မြို့များတွင် သင်တန်းရှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၇၈ ဦးတက်ရောက်ခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း(ရန်ကုန်)တွင် ဧည့်လမ်းညွှန်အခြေခံသင်တန်းများကို ၁၉၉၂ ခုနှစ်မှစတင်၍ သင်တန်းပေါင်း ၄၃ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၉၇၅ ဦး တက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအပြင် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များအား နိုင်ငံခြားတိုင်းပြည်များသို့ ဘာသာရပ်အလိုက် သင်တန်းများ၊ ပညာသင်ဆုများအတွက် ရွေးချယ်စေလွှတ်သင်ကြားပေးလျက်ရှိပါသည်။ ထို့အပြင် လူဇင်ဘတ်နိုင်ငံ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ကူညီထောက်ပံ့မည့် အစီအစဉ်အရ ခရီးသွားလုပ်ငန်း စွမ်းဆောင်ရည်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကို ဆောင်ရွက်လျက်ရှိရာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများအား ၂၀၁၄ ခုနှစ်အတွင်း သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည့်အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(ရန်ကုန်)နှင့် မန္တလာကောလိပ်တို့ရှိ ခရီးသွားလုပ်ငန်းပညာ B.A(Tourism) ဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးကိုလည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် အီတလီနိုင်ငံ ရောမမြို့အခြေစိုက် "University La Sapienza"နှင့် ရန်ကုန်အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တို့ ပူးပေါင်းဆောင်ရွက်မည့် တာဝန်သိခရီးသွားလုပ်ငန်း အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ***ဆက်လက်ဖော်ပြပါမည်။***



**ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စနစ်တကျ တည်ဆောက်ထားသော နေပြည်တော်ဟိုတယ်ဇုန်အား တွေ့ရစဉ်။** *(ဓာတ်ပုံ-သက်ထွေး)*

# သားဆက်ခြားနည်းလမ်းများအကြောင်း သိမှတ်ဖွယ်

## ကျန်းမာရေးဝန်ကြီးဌာန

ကျွန်မ ဒီကနေ့ မိဘပြည်သူတွေကို အသိပေးတင်ပြလိုတဲ့ အကြောင်းကတော့ သားဆက်ခြားနည်းလမ်းများအကြောင်း သိမှတ်ဖွယ်ရာဆိုတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထု အထူးသဖြင့် အမျိုးသမီးနဲ့ကလေးများ၊ လူငယ်လူရွယ်များနဲ့ မိသားစုဘဝတွေရဲ့ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မိသားစုကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေးကို မိသားစုများအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် အသိပညာဖြန့်ဝေရန်၊ မှန်ကန်တိကျတဲ့သတင်းအချက်အလက်တွေရရှိရန် အလွန်အရေးကြီးလှပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေက အလွန်ပဲအရှက်အကြောက်ကြီးကြတာကြောင့် သားဆက်ခြားနည်းလမ်းတွေကို ပွင့်ပွင့်လင်းလင်းပြောဆိုဆွေးနွေးဖို့ မှန်ကန်တဲ့နည်းလမ်းတွေကိုသိရှိနိုင်ဖို့ အလွန်ပဲခက်ခဲပါတယ်။ အဲဒီအခါမှာ မလိုလားဘဲ ကိုယ်ဝန်ရလာပြီးဖျက်ချတဲ့အခါ သွေးသွန်ခြင်း၊ သားအိမ်ကို ထိခိုက်စေနိုင်ပြီး နောက်ထပ် သားသမီးမရနိုင်ခြင်းနဲ့ သားအိမ်ပုပ်ပြီး သွေးအဆိပ်ဖြစ်ကာ အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါတယ်။

မှန်ကန်တဲ့ သတင်းအချက်အလက်တွေရရှိပြီး မှန်ကန်တဲ့ အပြုအမူတွေ ဖြစ်ပေါ်စေဖို့ အခုလိုတင်ပြရတာ ဖြစ်ပါတယ်။

သားဆက်ခြားနည်းအကြောင်းတွေမပြောခင် အမျိုးသမီးတစ်ဦးရဲ့ ရာသီစက်ဝန်းလည်ပတ်ပုံကို အရင်တင်ပြလိုပါတယ်။ အမျိုးသမီးတစ်ဦး ဓမ္မတာရာသီစက်ဝန်း တစ်ပတ်လည်တာဟာ တစ်ဦးနှင့်တစ်ဦး မတူညီပါဘူး။ ယေဘုယျအားဖြင့် ၂၈ ရက်ကြာတတ်ပေမယ့် အချို့က ၂၃ ရက်မှ ၃၅ ရက်ထိကြာတတ်ပါတယ်။ ယေဘုယျအားဖြင့် ရာသီစက်ဝန်းရဲ့ ၇ ရက်နဲ့ ၂၁ ရက်ကြားတွင် မမျိုးဥကြွေတတ်ပြီး ၁၄ ရက်မြောက်နေ့ ပတ်ဝန်းကျင်တွင် ဖြစ်တတ်ပါတယ်။ သန္ဓေအောင်တဲ့အချိန်ဟာ အဲဒီနေ့၊ ယင်းနေ့မတိုင်မီ ရှေ့ငါးရက်နဲ့ မျိုးဥကြွေပြီးနောက် သုံးရက်အတွင်းဖြစ်တတ်ပါတယ်။

ကိုယ်ဝန်ဆောင်ခြင်းကို အပြည့်အဝကာကွယ်လိုပါက ရာသီစက်ဝန်းတစ်လျှောက်လုံးကာကွယ်နိုင်တဲ့ သားဆက်ခြားနည်းလမ်းတစ်ခုခုကို သုံးစွဲရမှာဖြစ်ပါတယ်။သားဆက်ခြားတဲ့နည်းလမ်းတွေက ဘေးထွက်ဆိုးကျိုးအနည်းနဲ့အများ ရှိနိုင်ပါတယ်။ သားဆက်ခြားနည်းလမ်းတွေကို ရှစ်မျိုးခွဲခြားထားပါတယ်။ အဲဒါတွေကတော့ အမျိုးသမီးသားကြောဖြတ်ခြင်း၊ သားအိမ်အတွင်းပစ္စည်းထည့်ခြင်း၊ အရေပြားအောက်ပစ္စည်းထည့်ခြင်း၊ မိခင်နို့တိုက်ကျွေးခြင်းဖြင့် သားဆက်ခြားခြင်း၊ စားဆေးအသုံးပြုခြင်း၊ ထိုးဆေးအသုံးပြုခြင်း၊ ကွန်ဒုံးအသုံးပြုခြင်း၊ ရက်ရှောင်ခြင်း နည်းလမ်းများအပြင် အရေးပေါ်သားဆက်ခြားနည်းများပဲဖြစ်ပါတယ်။

အမျိုးသမီးသားကြောဖြတ်ခြင်းဆိုတာကတော့ သားအိမ်ကိုထုတ်ပစ်ခြင်းမဟုတ်ဘဲ မျိုးဥအိမ်နဲ့သားအိမ်ဆက်နေသော သားဥပြွန်ကိုသာ ချည်လိုက်ခြင်းဖြစ်တဲ့အတွက် လစဉ်ရာသီသွေးပေါ်နေမှာဖြစ်ပါတယ်။ အပြီးတိုင် သားဆက်ခြားလိုက်တာဖြစ်တဲ့အတွက် နောက်တစ်ခါကလေး လုံးဝမယူလိုတဲ့ အမျိုးသမီးများအတွက်သာ သင့်လျော်ပါတယ်။

နာတာရှည်ဆိုးကျိုးများမရှိဘဲ ဘေးထွက်ဆိုးကျိုးနည်းပြီး ထိရောက်တဲ့နည်းလမ်းဖြစ်ပါတယ်။ ယာယီသားဆက်ခြားတာမျိုး မဟုတ်တဲ့အတွက် ခင်ပွန်းသည် သဘောတူညီဖို့ လိုအပ်ပြီး သေသေချာချာ စဉ်းစားသင့်ပါတယ်။ စိစစ်ရေးဘုတ်အဖွဲ့ရဲ့ ခွင့်ပြုချက်ရရှိမှသာ တရားဝင်ခွဲစိတ်နိုင်မှာဖြစ်ပါတယ်။ ခွင့်ပြုချက်ရပြီး ငါးနှစ်အတွင်း တရားဝင်ခွဲစိတ်နိုင်ပါတယ်။

သားအိမ်အတွင်းပစ္စည်းထည့်ခြင်း နည်းလမ်းကတော့ ကျွမ်းကျင်သူမှ ဖော်ပြပါ သားအိမ်အတွင်းပစ္စည်းကို စနစ်တကျ ထည့်သွင်းခြင်းဖြစ်ပါတယ်။ သားအိမ်အတွင်းကို အရည်များစေခြင်း၊ သန္ဓေသားတွယ်ကပ် အောင်မြင်ခြင်းကို ဟန့်တားစေတယ်။ မျိုးဥအိမ်မှ မမျိုးဥဆင်းသက်မလာအောင် မျိုးဥမအောင်မြင်စေရန် ဟော်မုန်းကိုထုတ်လုပ်ပေးပါတယ်။ သားအိမ်အတွင်းမှ ထွက်ကျခြင်း၊ ခန္ဓာကိုယ်အတွင်းလှည့်လည်ခြင်းမျိုးလည်း မရှိပါဘူး။ အမျိုးသမီးအများစု အသုံးပြုနိုင်ပြီး အမျိုးအစားပေါ်လိုက်၍ (၅)နှစ်မှ (၁၀)နှစ်အထိ အသုံးပြုနိုင်ပါတယ်။ အချိန်မရွေး ကလေးလိုချင်လျှင် ပြန်ထုတ်နိုင်ပြီး အသက်ကြီးသူများ သွေးဆုံးပြီး တစ်နှစ်အကြာတွင် ပြန်ထုတ်နိုင်ပါသည်။ ဘေးထွက်ဆိုးကျိုးအနေနဲ့ကတော့ သားအိမ်အတွင်း ပစ္စည်းထည့်ပြီးခါစတွင် ရာသီသွေးဆင်းများခြင်းနှင့် ဆီးစပ်ကိုက်ခဲခြင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ပထမသုံးလကျော်တာနဲ့ သွေးဆင်းခြင်း လျော့နည်းသွားမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံလည်း ရက်သတ္တပတ် အနည်းငယ်လောက် သွေးတစ်စက်တစ်စက် ဆင်းခြင်းမျိုးရှိနိုင်ပါတယ်။ ကိုယ်ဝန်မရှိကြောင်းသေချာလျှင် သားအိမ်အတွင်း ပစ္စည်းကို မည်သည့်နေ့မှာမဆို စတင်ထည့်သွင်းနိုင်ပါတယ်။ မီးဖွားပြီး လေးပတ်ကျော်လျှင်၊ သားလျှောပြီးပြီးချင်းပိုးဝင်သည့် ကိုယ်ဝန်မရှိကြောင်းသေချာလျှင် ထည့်သွင်းပေးနိုင်ပါတယ်။ ကိုယ်ဝန်ရှိသည်ဟု သံသယရှိသူ၊ မီးဖွားပြီး လေးပတ်အတွင်း အမျိုးသမီးများ၊ လိင်မှတစ်ဆင့်ကူးစက်ရောဂါ အန္တရာယ်ရှိသူများ၊ မူမမှန်သော သွေးဆင်းထားသူများ၊ မျိုးပွားအင်္ဂါတွင်ပိုးဝင်သူများကတော့ သားအိမ်တွင်း ထည့်သွင်းပစ္စည်းမသုံးစွဲသင့်ပါဘူး။

သားဆက်ခြားထိုးဆေးအသုံးပြုခြင်းနည်းလမ်းတွင် သုံးလခံထိုးဆေးနှင့် တစ်လတစ်ခါထိုးရသော ထိုးဆေးဆိုပြီး နှစ်မျိုးရှိပါတယ်။ နှစ်မျိုးလုံးကတော့ မမျိုးဥထုတ်လုပ်ခြင်းကို ဟန့်ထားပေးပါတယ်။ အချိန်မှန်မှန်ထိုးပါက ထိရောက်မှု အလွန်ရှိပါတယ်။ နို့တိုက်မိခင်များ မိခင်နို့တိုက်ကျွေးမှုကို ထိခိုက်မှုမရှိဘဲ ကျန်းမာရေးအတွက် ထိခိုက်အန္တရာယ်မရှိနိုင်ပါဘူး။ သုံးလခံထိုးဆေးသုံးစွဲသူတွေကတော့ ဆေးဖြတ်ပြီးလေးလကျော်မှ နောက်ထပ်ကိုယ်ဝန်ပြန်ရနိုင်ပါတယ်။ ဘေးထွက်ဆိုးကျိုးတွေအနေနဲ့ကတော့ လစဉ်ရာသီသွေးဆင်းမှုပြောင်းလဲခြင်း၊ မူမမှန်ခြင်း၊ ကိုယ်အလေးချိန်တိုးခြင်းတို့ အဖြစ်များပြီး အချို့ကတော့ ခေါင်းကိုက်ခြင်း၊ ရင်သားနာခြင်းတို့ဖြစ်နိုင်ပါတယ်။ အမျိုးသမီးအများစုမှာ သားဆက်ခြားထိုးဆေးကို အန္တရာယ်ကင်းစွာ သုံးစွဲနိုင်သော်လည်း ကလေးခြောက်ပတ်အောက် နို့တိုက်မိခင်၊ ကိုယ်ဝန်သံသယရှိသူ၊ သွေးအလွန်တိုးသူ (သွေးပေါင်ချိန် ၁၆၀/၁၀၀ အထက်)၊ မူမမှန်သောသွေးဆင်းသူ၊ လေဖြတ်ရောဂါရှိသူ၊ နှလုံးရောဂါ၊ သွေးကြောအတွင်းသွေးခဲပိတ်ခြင်း၊ ဆီးချိုရောဂါရှိသူ၊ ရင်သားကင်ဆာနှင့် အသည်းရောဂါရှိသူတွေကတော့ ထိုးဆေးကို အသုံးမပြုသင့်ပါဘူး။

သားဆက်ခြားစားဆေးသည်လည်း ထိုးဆေးကဲ့သို့ပင် မမျိုးဥကြွေခြင်းကို ဟန့်တားနိုင်တဲ့အတွက်အလွန်ထိရောက်ပါတယ်။ နေ့စဉ်တစ်လုံးစီမှန်ကန်စွာ သုံးစွဲရမှာဖြစ်ပြီး ရာသီသွေးဆင်းခြင်းနဲ့ ရာသီလာစဉ်ကိုက်ခဲမှုကို လျော့နည်းစေပါတယ်။ စားဆေးဖြတ်ပြီးပါက ကိုယ်ဝန်ပြန်ရလွယ်ပါတယ်။ အမျိုးသမီးအများစုကတော့ ဘေးထွက်ဆိုးကျိုးမခံစားရပေမယ့် အချို့သူများကတော့ ပျို့အန်ခြင်း၊ ရာသီသွေးတစ်စက်တစ်စက်လာခြင်း၊ အနည်းငယ်ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ရင်သားနာခြင်း၊ တင်းခြင်း၊ ကိုယ်အလေးချိန်အနည်းငယ်တက်ခြင်း (သို့မဟုတ်) ကျခြင်းလိုမျိုး ဘေးထွက်ဆိုးကျိုးအနည်းငယ်ခံစားရသော်လည်း လအနည်းငယ်ကြာလျှင် ပျောက်သွားပါတယ်။ အသက်(၃၅)နှစ်အထက်၊ ဆေးလိပ်သောက်သူ၊ သွေးတိုးရောဂါရှိသူ၊ ကလေးသုံးပတ်အရွယ် မီးဖွားပြီးသူ၊ ကလေးခြောက်လနှင့်အောက်နို့တိုက်မိခင်၊ ကိုယ်ဝန်သံသယရှိသူနဲ့နှလုံးရောဂါ၊ သွေးကြောအတွင်းသွေးခဲပိတ်ခြင်း၊ ဆီးချိုရောဂါရှိသူ၊ ရင်သားကင်ဆာနှင့် အသည်းရောဂါရှိသူတွေကတော့ မသုံးစွဲသင့်ပါဘူး။ ဆေးသောက်ဖို့မေ့ခဲ့မယ်ဆိုရင် သတိရရခြင်းဆေးနှစ်လုံးတစ်ပြိုင်တည်း သောက်ပါ။ နှစ်လုံးအထိမေ့ခဲ့ရင် သတိရရချင်းဆေးနှစ်လုံးနှင့် ထိုနေ့အတွက် ဆေးတစ်ပြိုင်တည်းသောက်ပါ။ နောက်ထပ်ဆေးလုံးများကို ပုံမှန်အတိုင်းသောက်ပါ။

“မိခင်နို့တိုက်ကျွေးခြင်းဖြင့် သားဆက်ခြားခြင်း”ဆိုတာက မိခင်မှကလေးကို နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းဖြင့် သူမရဲ့မမျိုးဥထုတ်လုပ်ခြင်းကို ရပ်တန့်နေစေတဲ့အချက်ကို အခြေခံတဲ့သားဆက်ခြားနည်းလမ်းပဲဖြစ်ပါတယ်။ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရမည်ဖြစ်ပြီး မကြာခဏတိုက်ကျွေးရမှာဖြစ်ပါတယ်။ မိခင်နို့တိုက်ကျွေးမှုသည် နေ့အချိန်၌ လေးနာရီထက်ပိုခြားပြီး ညအချိန်၌ ခြောက်နာရီထက်ပိုခြားပါက အခြားသားဆက်ခြားနည်းကို ပြောင်းလဲသုံးစွဲရမည်။ ဖြည့်စွက်စာကို ကလေးခြောက်လမှ စတင်ကျွေးလျှင် (သို့မဟုတ်) မိခင်ရာသီသွေးပေါ်လျှင် အခြားသားဆက်ခြားနည်းလမ်းကို စနစ်တကျပြောင်းလဲသုံးစွဲရမှာဖြစ်ပါတယ်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါပိုးမိခင်တွင်ရှိနေပါက ကလေးသို့ မိခင်နို့တိုက်ကျွေးခြင်းမှ ကူးစက်မှု ၁၅ ရာခိုင်နှုန်းရှိပါသဖြင့် အခြားအစားထိုးအာဟာရများရှိပါက မိခင်နို့မတိုက်ကျွေးသင့်ပါ။

“ရက်ရှောင်ခြင်း”နည်းဖြင့် သားဆက်ခြားခြင်းဆိုတာကတော့ ဓမ္မတာရာသီစက်ဝန်းကို အသုံးပြုပြီး ရက်ရှောင်နည်းဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦးဟာ ရာသီစက်ဝန်းကိုသိရှိရန် လအလိုက် ရာသီတစ်ခါနှင့်တစ်ခါလာချိန်မှာ ရက်ပေါင်း ဘယ်လောက်ကွာခြားသလဲဆိုတာကိုမှတ်ထားရပါမယ်။ အများအားဖြင့် ၂၈ရက်ကြာတတ်ပါတယ်။ ဓမ္မတာရာသီစက်ဝန်း ရက်မှန်ပြီး ၂၆ ရက်မှ ၃၂ ရက်ကြားမှာရှိမယ်ဆိုရင် အသုံးပြုနိုင်ပါတယ်။ ရာသီစတင်တဲ့ ခုနစ်ရက်မြောက်နေ့မှ ၂၀ ရက်မြောက်နေ့အထိ ကြားကာလမှာ မမျိုးဥကြွေပြီး သားသမီးရနိုင်တဲ့ကာလဖြစ်ပါတယ်။ ဆေးဝါးသုံးစွဲခြင်းလုံးဝမရှိတဲ့အတွက် ဘေးထွက်ဆိုးကျိုးများ မရှိနိုင်သော်လည်း သားသမီးရသွားနိုင်တဲ့ အခွင့်အလမ်းတော့ရှိပါတယ်။ အခုပြောခဲ့တဲ့ နည်းလမ်းတွေအကုန်လုံးက သားဆက်ခြားစေနိုင်သော်လည်း လိင်မှတစ်ဆင့်ကူးစက်ရောဂါနဲ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကိုမကာကွယ်နိုင်ပါဘူး။

“ကွန်ဒုံးအသုံးပြုပြီးသားဆက်ခြားမယ်”ဆိုရင် ကိုယ်ဝန်မရရှိနိုင်ရုံမက လိင်မှတစ်ဆင့်ကူးစက်ရောဂါနဲ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကိုပါ ကာကွယ်တားဆီးနိုင်ပါတယ်။ စနစ်တကျအသုံးပြုလျှင် ထိရောက်စွာကာကွယ်နိုင်ပြီး လွယ်ကူစွာရရှိအသုံးပြုနိုင်ပါတယ်။ အမျိုးသားကွန်ဒုံးနဲ့ အမျိုးသမီးကွန်ဒုံး ဆိုပြီးနှစ်မျိုးရှိပါတယ်။ အမျိုးသားနဲ့ အမျိုးသမီးအတူနေတိုင်း ကွန်ဒုံးကိုစနစ်တကျ အသုံးပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိဇနီး၊ ခင်ပွန်းနဲ့ ဆွေးနွေးညှိနှိုင်းဖို့လိုပါတယ်။

“အရေးပေါ်သားဆက်ခြားဆေး”များကတော့ ကာကွယ်မှုမရှိဘဲ ယောကျ်ားလေးနဲ့ မိန်းကလေးအတူနေမိပါက ကိုယ်ဝန်မရစေရန် တားဆီးနိုင်တဲ့ စားဆေးဖြစ်ပြီး သားဖျက်ခြင်းကို မဖြစ်စေနိုင်ပါဘူး။ အတူနေမိပြီး စောနိုင်သမျှစောစော ၁၂၀ နာရီအတွင်း သောက်ရမှာဖြစ်ပြီး ပထမတစ်လုံးသောက်ပြီး ၁၂ နာရီကြာလျှင် နောက်တစ်လုံးထပ်သောက်ရမှာဖြစ်ပါတယ်။ ပျို့ခြင်း၊ သွေးတစ်စက်စက်ကျခြင်း(သို့မဟုတ်)သွေးဆင်းနိုင်ပါတယ်။ ဆေးသောက်ပြီး နှစ်နာရီအတွင်း ပြန်အန်ပါက နောက်ထပ်ဆေးတစ်လုံးထပ်သောက်ရမှာဖြစ်ပါတယ်။ အခုအခါမှာ ဒီဆေးကို လူငယ်တွေတော်တော်များများက လွဲမှားစွာသုံးစွဲနေတာကို တွေ့ရပါတယ်။ ဒီနည်းကို မကြာခဏမသုံးစွဲသင့်ပါဘူး။ ပထမအကြိမ်ကိုသာ ၇၅ ရာခိုင်နှုန်းကနေ ၈၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ပြီး ဆေးသောက်ပြီး နောက်အကြိမ်များအတွက် ကာကွယ်မှုမပေးနိုင်တဲ့အတွက် မလိုလားတဲ့ ကိုယ်ဝန်ရလာပြီး မဖြစ်သင့်တဲ့ ပြဿနာတွေပေါ်ပေါက်နိုင်ပါတယ်။

ကျွန်မ အဓိကထားအသိပေးလိုတာကတော့ သားဆက်ခြားနည်းလမ်းတွေရဲ့ အကျိုးသက်ရောက်မှုကိုပါပဲ။ ဘယ်လိုပဲ စိတ်ချရတဲ့ နည်းလမ်းတွေကို စနစ်တကျ သုံးပေမယ့် အချို့အမျိုးသမီးတွေမှာ ကိုယ်ဝန်ရသွားနိုင်တယ်ဆိုတာ အသိပေးလိုပါတယ်။ ။

### သားဆက်ခြားနည်းများအကြောင်း နှိုးဆော်ချက်

ကျန်းမာပြီး သာယာပျော်ရွှင်တဲ့ မိသားစုဘဝကို ပိုင်ဆိုင်ချင်တယ်ဆိုရင် သားဆက်ခြားဖို့လိုပါတယ်။ သားဆက်ခြားချင်တယ်ဆိုရင်တော့ သတိရလိုက်ပါ-

၁။ စားဆေးနေ့တိုင်းသောက်ရမယ်နော်၊ မေ့သွားလို့မဖြစ်ဘူး။

၂။ ထိုးဆေးတစ်လခံဆေးနဲ့ သုံးလခံဆေးနှစ်မျိုးရှိတယ်နော်၊ အဆင်ပြေတာသုံးပေါ့။

၃။ သားအိမ်တွင်းပစ္စည်းထည့်ခြင်းက (၅)နှစ်ကနေ (၁၀) နှစ်အထိခံတယ်နော်၊ သားသမီးလိုချင်ရင် ချက်ချင်းပြန်ထုတ်လို့ရတယ်။

၄။ မိခင်နို့တိုက်ခြင်း ကလေးအသက်ခြောက်လအထိ သုံးနိုင်ပါတယ်။ ကလေးကိုတော့ လေးနာရီခန့်ခြားပြီး နို့မကြာခဏတိုက်ပေးရမှာပေါ့။

၅။ သားကြောဖြတ်ခြင်းက သားဆက်ခြားနည်းလမ်းတွေထဲမှာ အကောင်းဆုံးပေမယ့် နောက်ထပ်ကိုယ်ဝန်မရတော့ဘူးနော်၊ ဆုံးဖြတ်ပေါ့။

၆။ ရက်ရှောင်ခြင်း ဘေးထွက်ဆိုးကျိုးတော့မရှိပေမယ့် ဓမ္မတာပုံမှန်မလာသူတွေကတော့ သတိထားပါ၊ ကိုယ်ဝန်ရသွားနိုင်ပါတယ်။

၇။ ကွန်ဒုံးအသုံးပြုခြင်းက သားသမီးမရနိုင်ရုံသာမက ခုခံအားကျဆင်းမှု ကူးစက်ရောဂါလို ကူးစက်ရောဂါတွေကနေ ကာကွယ်နိုင်ပါတယ်။

၈။ အရေးပေါ်သားဆက်ခြားဆေးကတော့ အရေးပေါ်မှသုံးမယ်၊ ပုံမှန်သားဆက်ခြားဆေးမဟုတ်ဘူးနော်။

ကဲအမျိုးသမီးတို့ရေ နည်းလမ်းတစ်ခုခုကို ရွေးချင်ရင်တော့ နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနနဲ့ ဆက်သွယ်လိုက်ပေါ့နော်။




လူကုန်ကူးမှု
ပပျောက်ဖို့
တစ်မျိုးသားလုံး
ပါဝင်ကြစို့

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

# လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုအားကောင်းပါက ဒေသဖွံ့ဖြိုးရေး လျင်မြန်စွာဆောင်ရွက်နိုင်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ရွာငံမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ဒီဇင်ဘာ ၂၁ ရက်က နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် လျှံထူးအောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည့် အလျား ပေ ၁၇၀၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ဒသမ ၅ ပေရှိ RC နှစ်ထပ် စာသင်ကျောင်းဆောင်သစ် အဆောက်အအုံ ပန္နက်ရိုက် မင်္ဂလာအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ပန္နက်ရိုက်ပေးခဲ့သည်။

ထို့နောက် ဗထူးခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပပြီး ဓနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ်သိန်း ၅၀၊ ကျန်းမာရေးငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀၊ ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းနှင့် ကွန်ပျူတာ နှစ်စုံ၊ မြနန္ဒာကန်နှင့် ကန်ပတ်လမ်းဖောက်လုပ်ရန်အတွက် ဒီဇယ်ဆီ ဂါလန် ၅၀၀၊ မြို့ပေါ်ရေရရှိရေးအတွက် ငွေကျပ်သိန်း ၃၀၀၊ ငွေတောင် တောင်ပေါ်ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် ၂၅ သိန်း လှူဒါန်းပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွာငံမြို့သို့ ရောက်ရှိစဉ် ဗထူးခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံအမှာစကားပြောကြားရာတွင် မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရပ်ဘက်နှင့်လူမှုအဖွဲ့အစည်းများဖြစ်သည့် မြို့နယ်၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသည့် ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းဆွေးနွေးကြပြီး မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လိုအပ်ချက်များအား ဦးစားပေးအဆင့် သတ်မှတ်ပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါက ဒေသဖွံ့ဖြိုးရေးကို လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ရွာငံမြို့နယ်အတွင်းရှိ ဟန်မြင့်မိုရ်-ရွာငံ-အောင်ပန်းလမ်းသည် ရှမ်းပြည်နယ်ဒုတိယဝင်ပေါက်ဖြစ်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အထောက်အပံ့ဖြင့် မြို့နယ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မကြာမီ ရွာငံမြို့သည် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည့် မြို့လေးတစ်မြို့ဖြစ်သည့်အတွက် အားလုံးပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

**လှိုင်ဘွား(စီမံကိန်း)**

စစ်ကိုင်းတိုင်းဒေသကြီး



# နေရဥ္စရာမြစ်ဖြတ်ကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

ကလေးမြို့နယ် အရှေ့ခုံသာကျေးရွာနှင့် အနောက်ခုံသာကျေးရွာ အကြားတွင်ရှိသည့် ကျေးရွာချင်းဆက် ဆောက်လုပ်ထားသော သစ်သားတံတားသည် မိုးတွင်းအချိန် နေရဥ္စရာမြစ်ရေကြီးမှုကြောင့် တံတားတစ်စင်းလုံး ပျက်စီးသွားပြီး မြစ်ရေနှင့်အတူ မျောပါသွားခြင်းကြောင့် အဆိုပါကျေးရွာနေပြည်သူများအတွက် သွားလာရေးအလွန်ခက်ခဲလျက်ရှိသည်။

သို့ပါ၍ အဆိုပါကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့လာစေရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ လမ်းညွှန်မှုဖြင့် အရှည်ပေ ၂၀၀ ကျော်ရှိ သစ်လုံးထောက်သစ်သားတံတားအား ကလေးမြို့ဆည်မြောင်းဦးစီးဌာန၏ မြေကော်စက်ယန္တရားကို အသုံးပြုလျက် အနောက်ခုံသာကျေးရွာနေပြည်သူများက နေရဥ္စရာမြစ်ကိုဖြတ်ကူးသည့်တံတားကို ကိုယ့်အားကိုယ်ကိုး စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဂျူနိုင်း)**

မန္တလေးတိုင်းဒေသကြီး



# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်ပြည်သူများလျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၂၆ ရက်နံနက် ၉ နာရီတွင် ယခင်က တည်ဆောက်ခဲ့သော ၄၀၀ ဗို့ဓာတ်အားလိုင်းကြိုးများကို ဒေါင်လိုက်တပ်ဆင်ထားသောစနစ်မှ အလှဲလိုက်တန်းများ ပြောင်းလဲတပ်ဆင်ခြင်း၊ ယိုင်လဲနေသော သစ်သားတိုင်များ၊ ကွန်ကရစ်ဓာတ်တိုင်အလုံး ၃၀ အား အစားထိုးပြန်လည်တပ်ဆင်ရေးလုပ်ငန်းများကို လျှပ်စစ်ဌာနမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်နေဦး ဦးဆောင်လျက် လျှပ်စစ်လိုင်းမင်းများမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**

တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်ထံရပ်မိရပ်ဖ မီးလင်းရေး ကော်မတီအဖွဲ့များက တင်ပြတောင်းခံခဲ့ရာ အမှန်တကယ်လိုအပ်လျက်ရှိသော လျှပ်စစ်လုပ်ငန်းဖြစ်သဖြင့် ဝန်ကြီး၏ ခွင့်ပြုချက်အရ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ယခင်တပ်ဆင်ထားသော ကြေးကြိုးဓာတ်အားလိုင်းနံပါတ် (၈) သေးငယ်သောကြိုးများအစား နံပါတ်(၄)၊ နံပါတ်(၆) ကြေးကြိုးများ အစားထိုးတပ်ဆင်ပေးသည့်အတွက် လျှပ်စစ်မီးသုံးသူ ရွာသူရွာသားများ လျှပ်စစ်အား အပြည့်အဝ သုံးစွဲရမည်ဖြစ်သည့်အတွက် ဝမ်းသာပီတိဖြစ်နေကြသည်။

စံပြသိမ်ကုန်းရွာတွင် အိမ်ထောင်စုပေါင်း ၁၅၄၀ ရှိပြီး (၁၃) ရပ်ကွက်တွင် ဌာနမှ ယခင်တပ်ဆင်ပေးထားသော 100KVA ထရန်စဖော်မာတစ်လုံးနှင့် ကိုယ့်အားကိုယ်ကိုး တပ်ဆင်ထားသော 315 KVA ထရန်စဖော်မာ တစ်လုံး သုံးစွဲလျက်ရှိရာ လျှပ်စစ်အိမ်သုံးမီတာ ၈၀၀ ကျော်၊ ၉၀၀ ခန့် တပ်ဆင်သုံးစွဲလျက်ရှိပြီး စက်မှုသုံးပါဝါမီတာ ခြောက်လုံးသုံးစွဲနေကြောင်း သိရသည်။ ယခင်စနစ်ဟောင်းမှ ဓာတ်အားလိုင်းများ အသစ်ပြန်လည်တည်ဆောက်သည့်အတွက် လျှပ်စစ်အန္တရာယ်များကင်းရှင်းပြီး လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုနည်းပါးရေး၊ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးတို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်ဝန်ကြီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထား၊ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**




စစ်ကိုင်းတိုင်းဒေသကြီး

# ရန်မျိုးအောင်ကျေးရွာအတွက် သဘာဝစိမ့်ရေသွယ်ယူနိုင်ရန် ကွင်းဆင်းကြည့်ရှု

ကလေးမြို့နယ် စော်ဘွားရေရှင်အုပ်စု ရန်မျိုးအောင်ကျေးရွာသည် မင်းကင်းမြို့နယ်ရှိ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည့် တောင်တွင်းချောင်ဒေသကျေးရွာများမှ ကျေးလက်နေပြည်သူများပြောင်းရွှေ့လာပြီး ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်သည့် ကျေးရွာဖြစ်သည်။

ယခုအချိန်တွင် ရန်မျိုးအောင်ကျေးရွာသည် အိမ်ခြေ ၂၀၁ အိမ်၊ လူဦးရေ ၈၇၅ ဦး နေထိုင်ကြကာ ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေရရှိရန် အနက် ၁၆ ပေခန့်ရှိသည့် လက်တူးရေတွင်း ၅၀ တူးခဲ့သော်လည်း ရေကောင်းရေသန့်မထွက်၍ အောင်မြင်ခြင်းမရှိပါ။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက အနက် ပေ ၄၀၀ ရှိစက်တူးစက်ရေတွင်း တူးဖော်ပေးခဲ့သော်လည်း မအောင်မြင်ကြောင်း သိရသည်။

သို့ဖြစ်၍ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများသည် အဆိုပါ ရန်မျိုးအောင် ကျေးရွာအနီးချင်းပြည်နယ် တွန်းဇန်မြို့နယ် ဇိုလင်းကျေးရွာအနီးမှထွက်ရှိသော သဘာဝစိမ့်စမ်းရေကို လေးလက်မ ပလတ်စတစ်ပိုက်လုံးဖြင့် ရန်မျိုးအောင်ကျေးရွာအရောက် သွယ်ယူနိုင်ရန် ကွင်းဆင်းကြည့်ရှုကြပြီး ဇိုလင်းကျေးရွာနေ ရွာသားများနှင့် သဘောတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်သည်များကိုလည်း ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်းညှိနှိုင်းဆွေးနွေးရာ အဆိုပါကျေးရွာနေပြည်သူများကလည်း ဝမ်းမြောက်စွာ သဘောတူလက်ခံကြကြောင်းသိရသည်။

**(ဂျိုးနက်)**

# သဘော်ပင် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး

မကွေးတိုင်းဒေသကြီး သရက်မြို့ ကိုးပင်ကျေးရွာ၌ သဘော်ပင်များစိုက်ပျိုးခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိကြောင်း သဘော်ပင်စိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

အဆိုပါ သဘော်ပင်စိုက်ပျိုးသူက သဘော်ပင်အပင် ၁၅၀ စိုက်ပါက ပျိုးပင်တစ်ပင် ကျပ် ၇၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရသည့်အတွက် ပျိုးပင်ခ တစ်သိန်းငါးထောင် ကုန်ကျမှုရှိပြီး ယင်းအပင်များကို ရေလောင်းပေါင်းရှင်းပြုလုပ်ခအတွက် အလုပ်သမား ၄ားရမ်းခပေးရငွေမှာ တစ်ရက် ကျပ် ၁၅၀၀ နှုန်းဖြင့် ရက် ၆၀ အတွက် ကိုးသောင်းပေးရပြီး ကုန်ကျငွေစုစုပေါင်းမှာ နှစ်သိန်းဝန်းကျင်ခန့်ရှိကြောင်း ပြောသည်။

ယင်းသဘော်ပင်များ ခြောက်လပြည့်၍ ရောင်းရပါက တစ်ပင် ကျပ် ၄၀၀၀ အနည်းဆုံးရရှိသည့်အတွက် အပင် ၁၅၀ စိုက်ပျိုးပါက ရောင်းရငွေမှာ ခြောက်သိန်းရရှိသည့်အတွက် သဘော်ပင်အပင် ၁၅၀ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေလေးသိန်းရရှိကြောင်း သဘော်ပင်စိုက်ပျိုးရောင်းချသူတစ်ဦးထံမှ သိရသည်။

**(ဇော်ထက်)**

# ရေတာရှည် မြို့နယ်အတွင်း ဖရဲစိုက်ပျိုးသူများပြားလာ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးများရိတ်သိမ်းခဲ့ပြီးနောက် နွေစပါးနှင့်ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးသည့်အပြင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ယခုအခါ ဖရဲစိုက်ပျိုးသူများပိုမိုများပြားလာသည်ကို တွေ့ရသည်။

ယခင်နှစ်က ဖရဲစိုက်ပျိုးသူများ အစပိုင်းတွင်ဈေးကွက်အေးခဲ့သော်လည်း နောက်ပိုင်း၌ ဝယ်လိုအားကောင်းကာဈေးကောင်းရခဲ့၍ ယခုနှစ်အတွင်း ပိုမိုစိုက်ပျိုးလာကြခြင်းဖြစ်သည်။

တောင်ငူခရိုင်အတွင်း ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များတွင် ဖရဲစိုက်ခင်းများ စိုက်ပျိုးလျက်ရှိပြီး အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သဖြင့် စိုက်ပျိုးမှုအနည်းငယ်နောက်ကျခဲ့ကြောင်း သိရသည်။

**(၅၇၈)**

# တောင်သူများ တိုးချဲ့စိုက်ပျိုးသင့်သော ဘာစမာတီ စပါး

စာရေးသူသည် ဟဲဟိုးမြို့သို့ မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းရှင်များအတွက် ပဏာမစစ်တမ်း ၂၀၁၃ ကောက်ယူရန် ဒီဇင်ဘာ ၁၅ ရက်တွင် ရောက်ရှိခဲ့သည်။ စာရေးသူမှာ ရွှာင်မြို့နယ် စီမံကိန်းဦးစီးမှူးဖြစ်ပြီး ကလောမြို့နယ် စီမံကိန်းဦးစီးမှူး ဦးတင်ထွေးနှင့်အတူ သွားရောက်စာရင်းများကောက်ယူခြင်းဖြစ်သည်။ စာရေးသူမှာ လုပ်ငန်းလိုအပ်ချက်အရ သွားရောက်၍ ကူညီစာရင်းကောက်ယူခြင်းဖြစ်သည်။ စာရင်းဇယားများ ကောက်ယူရာတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနက ဗဟိုစာရင်းအင်းအဖွဲ့၏ ပူးပေါင်းမှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်၍ IHLCA Project Technical Unit က နည်းပညာပံ့ပိုးပေးသည်။ စာရင်းဇယားများ ကောက်ယူရာတွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းရှင်များအတွက် ပဏာမစစ်တမ်းဖြစ်ပြီး စက်မှုလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ တစ်နှစ်ဝင်ငွေ၊ လုပ်သားအင်အား စသည့်အချက်အလက်များကိုသာ အဓိကထားမေးမြန်းစာရင်းကောက်ယူခြင်းဖြစ်သည်။ ဟဲဟိုးမြို့ပေါ်နှင့် ဟဲဟိုးအုပ်စုအတွင်းရှိ ကျေးရွာများမှ စက်မှုလုပ်ငန်းရှင်များကလည်း သိရှိလိုသမျှ မေးမြန်းသည့် အချက်အလက်များကို စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားပေးကြသဖြင့် မှတ်တမ်းတင်သည့် အနေဖြင့် ဤဆောင်းပါးအား ဂုဏ်ပြုရေးသားခြင်းဖြစ်သည်။

ဟဲဟိုးမြို့ပေါ်နှင့် ဟဲဟိုးအုပ်စုအတွင်း မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းရှင်စာရင်းများကောက်ယူရာတွင် ဆန်စက်လုပ်ငန်းရှင်အများဆုံးဖြစ်သည်။ အခြားလုပ်ငန်းများမှာ သစ်ခွဲစိတ်စက်၊ ဆီစက်၊ တွင်ခုံဂဟေနှင့် ကားဝပ်ရှော့စသည်များလည်း ရှိသည်။ ဟဲဟိုးအုပ်စု ဝါးရုံပင်ကျေးရွာရှိ ဦးတင်ဝင်း၏ ဆန်စက်အား စာရင်းကောက်ယူရာတွင် ဆန်စက်ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သိန်း ၁၀၀ ခန့်နှင့် တစ်နှစ်ဝင်ငွေမှာ ကျပ် ၃၅ သိန်းခန့်ရှိပြီး ဆန်စက်အလုပ်သမားနှစ်ဦးရှိပါကြောင်း ဖြေကြားသည်။ စာရင်းကောက်ယူစဉ် ဆန်ကော၊ ဆန်ခါများဖြင့် ဆန်ရွေးနေသော အမျိုးသမီးလေးဦးခန့် တွေ့ရ၏။ ဆန်အမျိုးအစားမေးမြန်းရာ ဘာစမာတီ ဆန်ဟု အမျိုးသမီးတစ်ဦးက ပြောပြသည်။ ဆက်လက်ပြီး ဈေးနှုန်းမေးမြန်းရာ တစ်ပြည် ကျပ် ၃၀၀၀ ခန့်ရှိကြောင်းနှင့် ဆန်အကျိုးအကြေများရွေးထုတ်ပြီး လက်ရွေးစင်အရည်အသွေးအကောင်းဆုံးဆန်ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ယင်းဆန်အား ရန်ကုန်၊ နေပြည်တော်နှင့် အခြားမြို့ကြီးများသို့ တင်ပို့ပါကြောင်း၊ ဝန်ကြီးအဆင့်နှင့် အထက်တန်းလွှာလူတန်းစားများသာ အများဆုံးစားသုံးကြောင်း သိရှိခဲ့ရသည်။

ဘာစမာတီ(Pasmiti)စပါးမှာ ဧည့်မထစပါးမျိုးနွယ်ဖြစ်ပြီး မူရင်းနိုင်ငံမှာ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံဖြစ်ကြောင်း လေ့လာသိရှိရသည်။ စိုက်ပျိုးရက်သက်တမ်းမှာ ၁၂၅ ရက်မှ ၁၃၅ ရက်ရှိပြီး ကောက်လျှဉ်စပါးမျိုးဖြစ်သည်။ စပါးအထွက်နှုန်းမှာ တစ်ဧက တင်း ၃၀ မှ တင်း ၅၀ အထိ ထွက်နိုင်သည်။ စပါးဈေးနှုန်းမှာ စပါးပေါ်ချိန်တွင် တစ်တင်း ကျပ် ၈၀၀၀ မှ ကျပ် ၁၀၀၀၀ ခန့်ရှိပြီး ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ မှ ၇၅၀၀၀ အထိ ရှိသည်။ ဘာစမာတီ(Pasmiti) ဆန်မှာ နူးညံ့ပျော့ပျောင်း မွှေးပျံ့ပြီး အစာကြေလွယ်ခြင်း၊ ကိုလက်စထရောကျဆင်းကာ သွေးတိုး၊ ဆီးချိုရောဂါရှိသူများနှင့် သင့်လျော်သောကြောင့် စားသုံးကြခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဟဲဟိုးလွင်ပြင်တွင် ဆည်ရေသောက်ဧရိယာဧက ၃၀၀၀ ခန့်ရှိပြီး ဘာစမာတီ(Pasmiti)စပါးအား ဧက ၂၀၀ ခန့် စိုက်ပျိုးထားကြောင်း လေ့လာသိရှိရသည်။ စပါးကြိတ်ခွဲရာတွင် ဆန်စက်များမှာ ခေတ်မမီတော့သဖြင့် ဆန်အထွက်နှုန်းလျော့ကျပြီး ဆန်အရည်အသွေးကောင်းမွန်မှု အားနည်းနေသည်ကို လေ့လာသိရှိခဲ့ရသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SME)တွင် အများဆုံးပါဝင်သည့် ကျေးလက်တောရွာများတွင်ရှိသည့် ဆန်စက်လုပ်ငန်းရှင်များအား နိုင်ငံတော်မှနည်းပညာငွေကြေးအကူအညီများ ပံ့ပိုးပေးမည်ဆိုပါက ဆန်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်းနှင့် ဘာစမာတီ(Pasmiti)စပါးသည်ဈေးကွက်ရှိပြီး ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများတွက်ခြေကိုက်သောသီးနှံဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်သော၊ တိုးချဲ့စိုက်ပျိုးရန်အားပေးသင့်သော စပါးသီးနှံဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**(လှိုင်ဘွား-စီမံကိန်း)**



# သူကောင်းတည်မြစ်ရေတင် သောင်ထွန်းနေ

သူကောင်းတည်မြစ်ရေတင်၌ ယခုနှစ် ဆောင်းပဲစိုက်ရာသီတွင် ယခင်နှစ်ကထက် ဆောင်းပဲစိုက်တောင်သူဦးရေ ပိုများလာခဲ့ပြီး ယခင်နှစ်က မြစ်ရေတင်ကန်အမှတ်(၂)တစ်ဝိုက်တွင်သာ စိုက်ပျိုးကြပြီး ယခုနှစ်တွင် မြစ်ရေတင်ကန်အမှတ်(၃)ပတ်ဝန်းကျင်ထိ တိုးချဲ့စိုက်ပျိုးလာကြသည်။ မိုးစပါးများလည်း ဖြစ်ထွန်းအောင်မြင်လာခဲ့သည်။ သို့သော် ယခုရက်ပိုင်းအတွင်း ရေတင်ရန် အခက်အခဲဖြစ်လာသည်ဟု တောင်သူများထံမှ သိရသည်။ မြစ်ရေတင်တွင် အမှတ်(၁)ကန်၌ ရေခန်းစပြုနေပြီဖြစ်သည်။ ရေကလည်းကျမြစ်ရေတင်စုပ်တင်ရာ နေရာတွင်လည်း သောင်ထွန်းနေပြီး ရေအနည်းငယ်သာ ကျန်တော့သည်။

သူကောင်းတည်ကျေးရွာနှင့် အောက်ညဥ့်ကျေးရွာမှ ဧရာဝတီမြစ်ရေကို သောက်သုံးရန် အခက်အခဲဖြစ်နေသည်။ ယခင်က သူကောင်းတည်မြစ်ရေတင်မှ ဧရာဝတီမြစ်ရေကို ရွာထိပ်အုတ်ကန်မှ တစ်ဆင့် သောက်သုံးခဲ့ရသည်။ ယခုအခါ မြစ်ရေတင်မှပေးသည့် အုတ်ကန်တွင်လည်း အင်းရေတို့သာ ရောက်ရှိနေသည့်အတွက် အင်းရေကို ကျေးရွာသူ ကျေးရွာသားများက မသောက်သုံးရဲဘဲဖြစ်နေသည်။ နွေစပါးစိုက်ရန်နှင့် ဆောင်းမြေပဲသီးနှံအောင်မြင်စေရန်အတွက် တောင်သူများ စိတ်ပူနေကြသည်။ နွေစပါးမစိုက်ရလျှင် တစ်သီးလစ်လပ်သွားမည်ကို တောင်သူများ စိုးရိမ်နေကြသည်။ နွေစပါးလစ်လပ်သွားလျှင် နွားစာနှင့် လူစာ အခက်အခဲ ဖြစ်မည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် သူကောင်းတည်မြစ်ရေတင် သောင်ထွန်းနေမှုကို ပြုပြင်ပေးစေလိုကြောင်း ဒေသခံနွေစပါးစိုက်တောင်သူများနှင့် ဆောင်းမြေပဲစိုက် တောင်သူများက လိုလားလျက်ရှိသည်။

**ကျော်ငွေး(ညောင်ဦး)**

# လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(ပုံစံ-၇)များပေးအပ်ပွဲကို တောင်ပိုင်းခရိုင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သုံးခွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးလာသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေကြောင်း၊ ပြည်သူလူထုအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ လယ်ယာမြေပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တိုးတက်လာသော ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးမူဝါဒ ငါးရပ်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ တောင်သူလယ်သမားများ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ အခွင့်အရေးများကို သားစဉ်မြေးဆက် ဘဝအာမခံချက်ရရှိရေး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုထားပြီးဖြစ်သည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေကြောင်း အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သုံးခွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းနိုင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌနှင့်အဖွဲ့က ကျေးရွာများမှ တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်အတွင်းရှိ လုပ်ဆောင်ပေးရမည့် လုပ်ငန်းပမာဏမှာ ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်မှ တောင်သူပေါင်း ၁၉၄၉၀၊ ဦးပိုင်ပေါင်း ၃၄၇၀၂ ဦးပိုင်၊ ဧရိယာ ၁၄၀၈၃၅ ဧကတို့အား ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(ကြည်စိုးလွင်-သုံးခွ)**



## တောင်သူများ တိုးချဲ့စိုက်ပျိုးသင့်သော "ဘာစမာတီ" စပါး

စိုက်ပျိုးရေး စာမျက်နှာ – ၇ »

## နေရှဉ္စရာမြစ်ကူးတံတား တည်ဆောက်

ဒေသဖွံ့ဖြိုးရေး စာမျက်နှာ – ၆ »

## လှမ်းလာခဲ့ပါ ဒိုရှဲနာဂရိုးရာ နှစ်သစ်ကူးပွဲတော်



ပြည်တွင်းရေးရာ စာမျက်နှာ – ၅ »

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ၌ အသိပညာပေးဟောပြော

ပြည်တွင်းရေးရာ စာမျက်နှာ – ၄ »

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်ချက်များ

ဆီးနှင်းတို့လွှမ်းခြုံရာ မြောက်ဘက်တောင်တန်းများဆီမှ ကမ်းခြေအလှနှင့် ကျွန်းစုများရှိရာ တောင်ဘက်စွန်းအထိ သာယာလှပပြီး ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသော မြန်မာနိုင်ငံသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာအရပ်ရပ်မှ အထူးအာရုံစိုက်မှုရရှိလာပြီး (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကဲ့သို့သော နိုင်ငံတော်ပွဲများ၊ အလှည့်ကျ အာဆီယံဥက္ကဋ္ဌနှင့် ဆက်စပ်အစည်းအဝေးများ၊ စီးပွားရေးအရ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ စိတ်ဝင်တစားဖြင့် အလည်အပတ်လာရောက်လိုသူများဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည်လည်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် အခြေခံလူတန်းစား ဈေးဆိုင်ငယ်များ၊ ဆိုက်ကား၊ မြင်းလှည်းများမှအစ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးများ၊ လေကြောင်းလိုင်းများအထိ အကျိုးကျေးဇူးရရှိသည့်အပြင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ထုတ်ပေးနိုင်သော နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုသည့် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သိမြင်လက်ခံလာသည့်အလျောက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်မှ ဦးစားပေးလုပ်ဆောင်ရမည့် ကဏ္ဍတစ်ရပ်အဖြစ်ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းပင်မစီမံကိန်း၊ မဟာဗျူဟာစီမံကိန်းများနှင့် စီမံကိန်းပါ ရေတိုရေရှည်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုသည် ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်းဝင်ရောက်ခဲ့ရာမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ နှစ်သန်းနီးပါးခန့် ဝင်ရောက်ရန် မျှော်မှန်းထားပါသည်။ ရှေ့နှစ် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာမှ ဧည့်သည် သုံးသန်းရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားပါသည်။ နှစ်စဉ် ခရီးသည်ဦးရေ တိုးတက်လာသည်နှင့်အမျှ လိုအပ်ချက်များဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသများတွင် ဟိုတယ်များ၏အရေအတွက် တိုးပွားရေး၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်ရေး၊ လက်ရှိခရီးစဉ်ဒေသများအား အဆင့်မြှင့်တင်ရေးနှင့် ခရီးစဉ်အသစ်များ ဖော်ထုတ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ နိုင်ငံခြားသားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိရေး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသည့်ကဏ္ဍများကိုလည်း ဟန်ချက်ညီညီ တိုးတက်လာစေရေးဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက်အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း ရန်ကုန်၊ ပုသိမ်၊ ပုဂံ၊ အင်းလေး၊ ထားဝယ်၊ ငပလီဒေသများတွင် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် နေပြည်တော်၌ပြုလုပ်သော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များအရ ဟိုတယ်ဇုန် ၁၁ဇုန် ဖော်ထုတ်၍ လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ဟိုတယ်ဇုန်များအလိုက် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ အင်တာနက်ဆက်သွယ်မှုရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ငွေကြေးသုံးစွဲရန်အစီအစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

### ဟိုတယ်စီမံကိန်းများ ခရီးစဉ်ဒေသအလိုက်ဖော်ထုတ်ခြင်း

ရှမ်းပြည်နယ်အတွင်း အင်းလေးဒေသသည် ကမ္ဘာလှည့်ခရီးသည်များ အများဆုံးရောက်ရှိလည်ပတ်လျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် အင်းလေးဒေသသို့ ပြည်တွင်း ၁၃၃၅၄၆ ဦး၊ ပြည်ပဧည့်သည် ၆၅၅၈၄ ဦး၊ ၂၀၁၂ ခုနှစ်တွင် ပြည်တွင်း ၁၆၀၂၅၆ ဦး၊ ပြည်ပ ၁၂၄၉၇၃ ဦး ရောက်ရှိလည်ပတ်ခဲ့ရာ ပြည်ပဧည့်သည် တိုးတက်မှုရာခိုင်နှုန်း ၅၂ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ပြည်တွင်း ၁၅၆၈၀၅ ဦး၊ ပြည်ပ ၁၁၅၀၈၁ ဦး လာရောက်လည်ပတ်ခဲ့သည်။ ယင်းသို့တိုးတက်ရောက်ရှိလာသော ပြည်တွင်းပြည်ပခရီးသည်များ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာများသည်လည်း ခရီးသည်တိုးတက်မှုနှင့် အချိုးညီပေါ်ထွက်လာရန် လိုအပ်ပါသည်။ စာမျက်နှာ ၂သို့ »»



ကမ္ဘာလှည့်ခရီးသည် အများဆုံးရောက်ရှိလည်ပတ်လျက်ရှိသည့် ရှမ်းပြည်နယ် အင်းလေးဒေသ။

ဓာတ်ပုံ- ငွေးနိုင်



CNG TAXI ရောင်းမည်
(လျှောက်ထားဆဲ)
CALDINA VAN (နောက်လေး)
DD/1--- 1999 (UL) 70 L
09-31825580-
195 သိန်း













## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၂-၂၀၁၃ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆) ပါ (၁၀)ကြိမ်မြောက် မြန်မာ-ဂျပန်ကုန်သည်/စက်မှုအသင်းများ အစည်းအဝေးသို့တက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြော်ငြာတွင် Business Matching ဟု ပြင်ဆင်ဖတ်ရှုပါရန်။




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဆ၊ မြေကွက်အမှတ် ၂၁၁၅၊ မြေကွက်တည်နေရာအမှတ် ၂၁၁၃ ၊သုနန္ဒာ (၁၁)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးသောင်းဟန် စီအက်ဖ်-၀၅၃၂၈၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးသောင်းဟန် ကွယ်လွန်သဖြင့် ဒေါ်မြအေး[၁၂/ဥကမ(နိုင်)၀၁၂၂၇၄]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






## အမည်ပြောင်း

သန်လျင်မြို့နယ်၊ မြို့ဟောင်း အရှေ့ရပ်ကွက်၊ အောင်ဘောဂလမ်းနေ အဖ ဦးထွန်းလွင်၏သား မောင်ရဲမင်းအောင် မှတ်ပုံတင်အမှတ် [၁၂/သလန (နိုင်) ၁၁၉၇၁၁]၏ အမည်အား ယနေ့မှစ၍ မောင်ဖြိုးဇေယျာမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Nissan Condor, MK-25A 6920 CC, Body 18 ပေ၊ 2003 စတီ၊ သိန်း၂၄၀

**ဖုန်း-၀၉၅၁၆၅၈၉၁**









**Family Fun Fair Member** အား
Family Fun Fair Member


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၆၅) အမည်ပေါက် ဒေါ်အေးမြနု[၁၃/ဖစန(နိုင်)၀၅၀၅၀၉]၏မြေချပါမစ်မူရင်းသည် ပျက်စီးပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန်ပြုလုပ်ပေးပါရန် ဝယ်ယူထားသူ ဦးဘုန်းမြတ်ကောင်း[၁၂/မဂဒ(နိုင်)၁၂၈၈၆၃]မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

ဗေဒင်ပညာ



သင့်သွေးဖြင့်အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-တိုးချဲ့)၊ မြေကွက်အမှတ်(၃၀-A)၊ ဧရိယာပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄-တိုးချဲ့ရပ်ကွက်၊သံထည်စီမံကိန်း၊ အမှတ်(၃၀-A)ဟုခေါ်တွင်သော အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မျိုးတင့်[၁၂/လမန(နိုင်)၁၀၆၁၁၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,D.B.L, D.M.L, DIL,DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc, Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294866, HP: 09-5017044 , 09-73107094**

ကိုဝင်းဇော်(ခ)ကိုလုပ်ဟန်
[၁၂/ပဇတ(နိုင်)၀၁၄၆၆၃]
အမြန်ပြန်လာပါ
အစ်မနေမကောင်းပါ။
စန်းယု
ဖုန်း-၀၉-၂၅၄၀၁၁၅၈၆

**Google**
မှာ
မိုးထက်မင်းကဲ
လို့
ရိုက်ထည့်လိုက်ပါ

**Prestige** Centre of Management
Travel · Tourism & Hospitality
English for Hotel & Catering Service
English for Business Management
Basic English Speaking
Call: 01-256590, 384127, 09-428311204



**MIC**
Myanmar Imperial College
MBA
"Leaders with qualified skills,positive attitudes and ethics can change the world for the better."
STUDY UK-MBA in Myanmar
MBA
Master of Business Administration
December Intake
09 732 10001/ 01 537562



## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ဒီ၊ မြေကွက်အမှတ် ဒုတိယတန်း(၁၈)၊ ဧရိယာ(၀. ၀၄၄)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အလယ်ဘက် အစိတ်အပိုင်းမြေပုံပေါ်တွင် အနီရောင်ခြယ်(အေ)အမှတ်ပြ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် အိမ်အမှတ်(၅၆)၊ ၁၃၈-လမ်းဟုခေါ်တွင်သော အဆောက်အအုံသည် ကွယ်လွန်သူ ဦးတင်ညွန့်ပိုင်ဖြစ်ကြောင်း အကျိုးခံစားခွင့်ရှိသူ သားသမီး(၅)ဦးမှ ကြေညာအပ်ပါသည်။

**မောင်ထိန်လင်း[၁၂/တမန(နိုင်)၀၇၁၀၅၈]**
**မတင်တင်ဝင်း[၁၂/တမန(နိုင်)၁၁၂၆၂၅]**
**မမီမီလွင်[၁၂/တမန(နိုင်)၀၇၆၇၇၆]**
**မတင်တင်လှ[၁၂/တမန(နိုင်)၀၀၃၆၄၉]**
**မတင်တင်မြ[၁၂/တမန(နိုင်)၀၀၄၀၇၂]**

## အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးဂျိုးဇက်ရာဂျမ်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မမန(နိုင်)၀၃၇၁၅၀]- ဒေါ်အေးမမ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မမန(နိုင်)၀၃၇၁၄၉]တို့၏ သမီးကြီးဖြစ်သူ မအေးသီတာဟန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ပဥလ(နိုင်)၀၀၄၆၃၂]သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေထိုင်လျက်ရှိသောကြောင့် သွန်းတွာသမီးအဖြစ် သတ်မှတ်ကာ ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ကြောင်းနှင့် မအေးသီတာဟန်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ထူးစိန်(စဥ်-၇၈၈၈)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံး(U Khin Maung Sein Notary Public Office)**
**အမှတ်(၅၅၇)၊ မြေညီထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၉၁၁၈၈၊ ၂၄၉၃၄၇၊ ၀၉-၅၁၇၄၆၉၉၊ ၀၉-၇၃၀၁၂၈၉၂**

www.myanmarnoblecollege.com
edexcel
MYANMAR NOBLE COLLEGE
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း
HND Engineering
- Construction & the Built Environment (Civil Engineering)
- Electrical & Electronics
- Mechanical
HND Business
HND Computing (IT)
Contact Info :

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၆၃/ခ၊ မြေကွက်တည်နေရာအမှတ်(၆၃/ခ)၊ အနော်မာ(၂)လမ်း (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ညွန့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ညွန့်နှင့်ခင်ပွန်း ဦးမြတ်ထွန်း(ခ)ဦးမြထွန်း ကွယ်လွန်သဖြင့် ဒေါ်အုန်းမြင့်[၁၂/ဥကတ(နိုင်)၁၅၉၁၅၄]၊ ဦးနေဝင်း[၁၂/ဥကတ(နိုင်)၀၅၉၂၈၅]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဆ၊ မြေကွက်အမှတ်-(၂၁၁/၂)၊ မြေကွက်တည်နေရာအမှတ်-(၂၁၁/၂)၊ သုနန္ဒာ(၁၁)လမ်း (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်[ဦးထွန်းမောင်(ခ)ဦးထွန်း](စီအက်ဖ်-၁၀၉၅၄၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖခင်ဦးထွန်းမောင်၊ မိခင်ဒေါ်အေးကြည် ကွယ်လွန်သဖြင့် ဒေါ်မြင့်ရီ[၁၂/ဥကမ(နိုင်)၀၃၀၀၅၉]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

